Forum for Democracy in Burma

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

eBulletin

၁၅ ဇူလိုင်လ ၂၀၀၆ သတင်းလွှာ အမှတ် ၂၀/၂၀၀၆



"ညီလာခံသည် (နအဖ)စစ်အုပ်စု၏ လမ်းပြမြေပုံလမ်းကြောင်းကို အဆင့်တိုင်း ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်သွားနိုင်ရန်ငှင်း၊ အင်အားစုအသီးသီးပါဝင်သည့် လွတ်လွတ်လပ်လပ် တန်းတူရည်တူ တွေ့ဆုံဆွေးနွေးအဖြေရှာရေး ပေါ်ပေါက်လာရေးအတွက်ငှင်း၊ အဓိကအားဖြင့် လှုပ်ရှားဆောင်ရွက်နိုင်သူမှာ ---

လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးကိုယ်တိုင်သာဖြစ်ကြောင်းနှင့် လူထုကြီးကိုယ်တိုင်၏ လူထုလှုပ်ရှားမှု၊ လူထုတိုက်ပွဲများဖြင့်သာ အရာရာကို ကျော်လွှားသွားရမည်ဖြစ်ကြောင်း အခိုင်အမာဆုံးဖြတ်ခဲ့ပါသည်။"

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု ပထမအကြိမ်ညီလာခံ ထုတ်ပြန်ကြေညာချက်မှ --

ဒီနေ့ကာလ တိုင်းပြည်ရဲ့စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးနဲ့ ဒီမိုကရေစီဖေါ်ဆောင်ရေးတိုက်ပွဲမှာ အဲန်အယ်လ်ဒီ၊ စီအာပီပီ၊ ပြည်သူလူထုကြီးနဲ့ တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တပ်မတော်သားတွေရဲ့ အခန်းကဏ္ဍဟာ အလွန်ပဲအရေးကြီးပါတယ်။

"အမှာစကား"

(စာမျက်နှာ ၂)

ကိုယ့်တိုင်းပြည်ရဲ့ ဆင်းရဲဒုက္ခ တိုင်းတပါးကလာပြီး ကူမယ်လို့ မထင်ပါနဲ့၊ ဘယ်တော့မှ မကူပါဘူး၊ အဲဒါကို ဟိုလူကယ်လိမ့်မယ် ဒီလူကယ်လိမ့်မယ်လို့ မထင်ပါနဲ့ အဲဒါအပိုပါဘဲ။

"ဒေါက်တာဆလိုင်းထွန်းသန်းနှင့် FDB တွေ့ဆုံ"

(စာမျက်နှာ ၁၁)

## နိုင်ငံရေးနဲ့ စစ်ရေးတန်ပြန် အဖျက်လုပ်ငန်းတွေကိုသာ ဦးတည်လာခဲ့တာ ပြေလတစ်လလုံး အထင်အရှားပါ။

"ဝရဲခွေးကြီး လွှတ်နေပြီ (၈၈ – ၀၆)"

(စာမျက်နှာ ၇)

ဤကဲ့သို့နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ကန့်သတ်ပိတ်ပင်တား မြစ်နိုင်ခွင့်နှင့် ဖြိုကွဲပျက်စီးစေရန် ဆောင်ရွက်ခွင့်တို့ကို --

"မတရားတဲ့အမိန့်အာဏာတွေကို 'ဒီချုပ်' က ဖီဆန်နေပြီ"

(စာမျက်နှာ ၁၀)

ကျနော်တို့က ပြည်သူ့အာဏာ ပြည်သူသာပိုင်တယ်ဆိုတဲ့အခြေခံပေါ်မှာပဲ ပြည်သူလူထုက ကိုယ့်အခွင့်အရေးကို ကိုယ်သိရှိနားလည်ပြီးတော့ ပြန်လည်ရယူဖို့အတွက်၊ တိုက်ပွဲဝင်ဖို့အတွက် လိုတယ်။

"FDB အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်နှင့် အာအက်ဖ်အေအင်တာဗျူး"

(စာမျက်နှာ ၅)

## ကျနော်တို့ရဲ့ ပြည်သူလူထုတိုက်ပွဲဖေါ်ထုတ်ရေး အဓိကရည်မှန်းချက်ဟာ တွေ့ဆုံဆွေးနွေးရေးစကားဝိုင်းပေါ်ကို စစ်အုပ်စုတက်သွားဖို့ တခုဖြစ်ပါတယ်။

"FDB ဒုတိယအတွင်းရေးမှူးချုပ် ကိုငွေလင်းနှင့် ဘီဘီစီအင်တာဗျူး"

(စာမျက်နှာ ၈)

# အမှာစကား

မြန်မာနိုင်ငံ နိုင်ငံရေးရဲ့ အဓိက အပြောင်းအလဲအချိုးအကွေ့ဟာ နောက်ဆုံးဆုံမှတ်ကို ရောက်ရှိနေပြီဖြစ်ပါတယ်၊ အဲန်အယ်လ်ဒီက လူထုဆန္ဒဖြစ်တဲ့ ရွေးကောက်ပွဲရလဒ်ပေါ်မှ ရပ်တည်ပြီး တွေ့ဆုံဆွေးနွေးရေးကို သူ့ရဲ့ တရားဝင်ဖြစ်မှုကနေ တောင်းဆိုတိုက်ပွဲဝင်နေသလို နအဖစစ်အုပ်စုကလည်း အခြေခံဥပဒေအရ သူရဲ့ စစ်အာဏာရှင်စနစ်ဆက်လက်ရှင်သန်ရေးအတွက် လမ်းပြမြေပုံ(၇)ချက်ကို အသေဆုတ်ကိုင်ပြီး အဲန်အယ်လ်ဒီ၊ စီအာပီပီအပါအဝင် ဝါရင့်နိုင်ငံရေးသမားကြီး တွေ၊ ၈၈ ကျောင်းသားမျိုးဆက်တွေ၊ တိုင်းရင်းသားတွေ ပြည်တွင်း၊ ပြည်ပ ဒီမိုကရေစီအင်အားစုတွေကို အစွမ်းကုန်ဖိနှိပ်ကန့်သတ်မှု၊ သွေးခွဲသပ်သျှိမှုတွေပြုလုပ် နေတဲ့ ကာလလည်းဖြစ်ပါတယ်။ ဒီမိုကရေစီအင်အားစုတွေအတွက် ပြည်သူလူထု အကျိုးစီးပွားဘက်က ရပ်တည်မလား၊ နအဖစစ်အုပ်စုရဲ့ စစ်အာဏာရှင် စနစ်ဆက်လက်ရှင်သန်ရေး အကျိုးစီးပွားဘက်က ရပ်မလားဆိုတာကို စည်းခြားတဲ့ ကာလလည်းဖြစ်ပါတယ်။

ဒီကာလဟာ သိပ်မကြာတော့ပါဘူး။

တကယ်လို့ ကြာရှည်လာမယ်ဆိုရင် အဲန်အယ်လ်ဒီကို မိမိရဲ့တရားဝင်ဖြစ်မှုဆိုတဲ့ နိုင်ငံရေးအရတောင့်ခံပြီး ရပ်တည်နေတာကလွဲလို့ လူထုနဲ့ကင်းကွာလာပြီး တဖြည်းဖြည်းလုံးပါးပါးတဲ့အဖြစ်ကိုရောက်အောင် နအဖစစ်အုပ်စုက အချိန်ဆွဲတဲ့ နည်းပရိယာယ်နဲ့ တစစီအမှည့်ခြွေ ခြွေမှာဖြစ်ပါတယ်၊ ဒါကိုကျော်လွှားဖို့ဆိုရင် အဲန်အယ်လ်ဒီပါတီအတွက် ပါတီဝင်ထုကို လူထုကိုအခြေခံပြီး ဥပဒေတွင်း တိုက်ပွဲဝင်ရမဲ့နည်းနာ (မတရားတဲ့ တရားမဝင်တဲ့ အမိန့်အာဏာဖီဆန်ရေး)ကလွဲလို့ တခြားရွေးချယ်စရာ မရှိပါ။ ထို့အတူ နအဖစစ်အုပ်စုအတွင်းမှာလည်း အာဏာခွဲဝေရေးတိုက်ပွဲ အကျိုးစီးပွားတိုက်ပွဲ ဂိုဏ်းဂဏတိုက်ပွဲတွေက ကြီးမားလာပြီး အကြမ်းဖက်မှု၊ လုပ်ကြံသတ်ဖြတ်မှုတွေနဲ့ တိုင်းပြည်ဟာ မတည်မငြိမ်နဲ့ အဆိုးဝါးဆုံး အခြေအနေကို ဒီထက်တိုးတိုးပြီး ရောက်လာမှာဖြစ်ပါတယ်။ နိုင်ငံရေးအင်အားစုတွေ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေကို အစွမ်းကုန်ဖိနှိပ်ရတော့မှာဖြစ်တဲ့အတွက် ပြည်တွင်းစစ်သံသရာဟာလည်း ဘယ်တော့မှ အဆုံးသတ်နိုင်မှာမဟုတ်သလို လက်နက်ကိုင်တိုက်ပွဲများဟာလည်း ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုး တက်ရေးတွေကို ဦးစားပေးဆောင်ရွက်နေချိန်မှာ ကျနော်တို့ တိုင်းပြည်ရဲ့ နောက်မျိုးဆက်များ အနာဂတ်အတွက်ကတော့ တိုင်းပြည်ဟာ ကျဆုံးနိုင်ငံအဆင့်ကနေ အလုံးစုံပျက်သုန်းပြီး ကြေမွနိုင်ငံအဆင့်ကို ရောက်သွားမှာလည်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီနေ့ကာလမှာ အငြိမ်းချမ်းဆုံးနည်းဖြစ်တဲ့ တွေ့ဆုံဆွေးနွေးတဲ့နည်းနဲ့ အဖြေရှာဖို့အတွက် အဲန်အယ်လ်ဒီ၊ စီအာပီပီတို့က တင်ပြတောင်းဆိုနေတာကို ဒီမိုကရေစီအင်အားစုအားလုံး လူမျိုးပေါင်းစုပြည်သူလူထုကြီးတစ်ရပ်လုံးက ဝိုင်းဝန်းပြီးပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်သလို နအဖစစ်အုပ်စုတွင်းက အတွင်းတိုက်ပွဲတွေကို အသုံးချပြီး တပ်မတော်ထဲက တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ ရိုးသားတဲ့ အပြောင်းအလဲကို လိုလားတဲ့ တပ်မှူးတပ်သားတွေ၊ တပ်မှူးဟောင်း ကြီးတွေက ပြည်သူတွေဘက်က ရပ်တည်ပြီး ပူးပေါင်းဆောင်ရွက်ကြရမှာလည်း ဖြစ်ပါတယ်။ ဒီနေ့ကာလ တိုင်းပြည်ရဲ့ စစ်အာဏာရှင် စနစ်ဖျက်သိမ်းရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ရေးတိုက်ပွဲမှာ အဲန်အယ်လ်ဒီ၊ စီအာပီပီ၊ ပြည်သူလူထုကြီးနဲ့ တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တပ်မတော်သားတွေရဲ့ အခန်းကဏ္ဍဟာ အလွန်ပဲအရေးကြီးပါတယ်။

အဲန်အယ်လ်ဒီဟာ မိမိပါတီရပ်တည်နိုင်ရေးသက်သက်မကပဲ ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး၊ ဒီမိုကရေစီဘောင်ချဲ့ထွင်ရေး၊ လူထုဆန္ဒဖြစ်တဲ့ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖေါ်ရေးတို့အတွက် လူထုကိုအခြေခံတဲ့ ဥပဒေတွင်းတိုက်ပွဲတွေကို ဖေါ်ဆောင်ရမှာဖြစ်သလို ဒီမိုကရေစီအင်အားစု အသီးသီးကလည်း ပြည်သူလူထုတရပ်လုံးပါဝင်သည့် လူထုတောင်းဆိုတိုက်ပွဲဝင်မှုကြီး ပေါ်ပေါက်ရန်အတွက် လူထုကို နိုင်ငံရေးအသိတွေ တပ်ဆင်ဖို့ စည်းရုံးလှုံ့ဆော်ဖို့ ပြင်ဆင်တည်ဆောက်မှုတွေလုပ်ပြီး နေရာပေါင်းစုံ၊ အလွှာပေါင်းစုံကနေတိုက်ပွဲဝင်ဖို့ အထူးလိုအပ်ပါတယ်၊ ၊တပ်မတော်သားများအနေနဲ့ လူထုလှုပ်ရှားမှု၊ အုံကြွမှုများမပေါ်ပေါက်နိုင်ပဲ ပူးပေါင်းပါဝင်ဖို့ရာခက်ခဲသော်လည်း ၈၈ နှင့် ၉၀ ခုနှစ်၊ ရွေးကောက်ပွဲတွင် မိမိတို့၏ ဆန္ဒကိုဖေါ် ပြခဲ့သလို ယနေ့ကာလတွင်လည်း အခြေအနေနှင့် အခွင့်အခါကိုစောင့်ပြီး နည်းသဏ္ဍာန်ပေါင်းစုံဖြင့် ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

■ ■ ■ ■

**မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ မဟာဗျူဟာလုပ်ငန်းစဉ် ရည်မှန်းချက်(၄)ရပ်–**

(၁) မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာပြီး စွမ်းဆောင်ရည်မြင့်သော နိုင်ငံရေး အင်အားစုတစ်ရပ်အဖြစ် စုစည်းတည်ဆောက်သွားရန်၊

(၂) ဒီမိုကရေစီတိုက်ပွဲဝင်အင်အားစုများအတွင်း မဟာဗျူဟာညှိနှိုင်း ဆက်စပ်လုပ်ဆောင်မှုများ ဆောင်ရွက်သွားရန်၊

(၃) လူထုတိုက်ပွဲများ ပေါ်ပေါက်လာရေးအတွက် ဦးတည်ကြိုးပမ်းသွားရန်၊

(၄) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဝန်းအဝိုင်းမှ ဟန်ချက်ညီစုပေါင်းအားထုတ်မှုများဖြင့် မြန်မာပြည်အရေး၌ ထိထိရောက်ရောက် ပါဝင်ဖြေရှင်းလာစေရေးအတွက် ကြိုးပမ်းသွားရန်၊

# လူထုလှုပ်ရှားမှုပေါ်ပေါက်ရေး ကြိုးစားသွားမည်

ထိုင်း‌မြန်မာ နယ်စပ်တနေရာတွင် ၂၀၀၆ ခုနှစ် ဇူလိုင်လဆန်း (၂) ရက်နေ့ မှ (၆) ရက်နေ့ထိပြုလုပ်သွားသည့် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB)၏ ပထမအကြိမ်ညီလာခံကို အဖွဲ့ဝင်အဖွဲ့စည်းများဖြစ်သည့် —





- လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS)၊
- ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)(ABFSU-FAC)၊
- မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊
- ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု(NDD)၊
- ပြည်သူ့ကာကွယ်ရေးတပ်(PDF)၊
- ရောင်ခြည်ဦးအလုပ်သမားအဖွဲ့(YCOWA)၊
- မြန်မာအမျိုးသမီးများသမဂ္ဂ(BWU) နှင့်
- တသီးပုဂ္ဂလများ တက်ရောက်ခဲ့ကြပါသည်။

ထိုညီလာခံမှ —

- မြန်မာနိုင်ငံအတွင်း လူထုလှုပ်ရှားမှုများ ပေါ်ပေါက်ရေးအတွက် အခြေခံလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်သွားရန်၊
- မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အဓိကဆောင်ရမည့်သူများမှ တိုင်းပြည်တွင်းရှိ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးကိုယ်တိုင်ပင်ဖြစ်သည့်အတွက် လူထုအတွင်း ၈၈ ကဲ့သို့ တိုက်ပွဲဝင်စိတ်များပေါ်ပေါက်ရေး ဖော်ဆောင်သွားရန်၊
- မြန်မာနိုင်ငံ၏ ရင်ဆိုင်ကြုံတွေ့နေရသော အထွေထွေပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအင်အားစုများ၊ တိုင်းပြည်တွင်းပြည်သူလူထုများ၊ နိုင်ငံရေးအင်အားစုများမှ တွေ့ဆုံဆွေးနွေးသောနည်းဖြင့် အဖြေရှာရန် တောင်းဆိုနေသော်လည်း နအဖစစ်အုပ်စုမှ လုံးဝငြင်းဆန်နေသည့်အပြင် စစ်အာဏာရှင်စနစ်ဆက်လက်ရှင်သန်ရေး အခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးအတွက် လမ်းပြမြေပုံ (၇)ချက်ကိုသာ အသေဆုပ်ကိုင်နေသဖြင့် လမ်းပြမြေပုံ (၇)ချက်ကို အဆင့်တိုင်းတွင် တိုက်ဖျက်သွားရန်၊
- တွေ့ဆုံဆွေးနွေးရေးပေါ်ပေါက်ရေးအတွက် တောင်းဆိုတိုက်ပွဲဝင်မှုများကို နည်းလမ်းပေါင်းစုံ၊ နေရာပေါင်းစုံမှ ဟန်ချက်ညီညီ ပူးပေါင်းဖော်ဆောင်ကြပြီး နိုင်ငံတကာဖိအားများနှင့် ပေါင်းစပ်ရန်၊ စသည့်လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါသည်။

# ကျောင်းသားရှိလျှင် ကျောင်းသားသမဂ္ဂရှိရမည်



၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၇)ရက်နေ့သည် ၆၂ ခုနှစ် အာဏာသိမ်းစစ်အုပ်စုက မတရားသဖြင့် ထုတ်ပြန်ထားတဲ့ ကျောင်းစည်းကမ်း၊ အဆောင်စည်းကမ်းတွေအပေါ် ငြိမ်းချမ်းစွာဆန္ဒပြ တိုက်ပွဲဝင်တာကို ဗိုလ်နေဝင်းစစ်အုပ်စုက ရက်ရက်စက်စက် အကြမ်းဖက်ပစ်ခတ်ခံရသဖြင့် ကျောင်းသားတွေ ရာချီပြီး ကျဆုံးဒဏ်ရာရခဲ့တဲ့နေ့ဖြစ်သလို ဗမာပြည်၏သမိုင်းဝင် သမဂ္ဂအဆောက်အဦးကြီးကို ဒိုင်းနမိုက်ဖြင့် ဖြိုခွဲခဲ့သည့် (၄၄)နှစ်မြောက်နေ့လည်း ဖြစ်ပါသည်။

ထိုနေ့နှင့်ပတ်သက်၍ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(နိုင်ငံခြားရေးကော်မတီ)မှ ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ ထိုကြေညာချက်တွင် "ကျောင်းသားတွေကို ရာနဲ့ချီပြီးသတ်တာ၊ သမိုင်းဝင် သမဂ္ဂအဆောက်အဦးကြီးကို ဖြိုခွဲဖျက်ဆီးပစ်တာတွေဟာ ကျောင်းသားတွေရဲ့ မဟုတ်မခံ တိုက်ပွဲဝင်စိတ်ဓါတ်ကို ရိုက်ချိုးဖျက်ဆီးဖို့ ကြိုးစားတဲ့ အာဏာသိမ်းပြီးကာစ စစ်အုပ်စုရဲ့ ပထမဆုံးလုပ်ရပ်ဖြစ်ပါတယ်။ ဒါပေမယ့် ယနေ့တိုင်အောင် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသား လွတ်မြောက်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး လှုပ်ရှားမှုများနဲ့အတူ ပေါက်ဖွားလာတဲ့ ကျောင်းသားလှုပ်ရှားမှုတွေအပေါ် လက်နက်အားကိုးနဲ့ ဖိနှိပ်လို့မရနိုင်တာကို ခေတ်အဆက်ဆက် တိုက်ပွဲတွေကနေ အခုနောက်ဆုံး ပဲခူးက ကျောင်းသားတွေ ဒေါင်းမန်ကဗျာထုတ်ဝေပြီး တိုက်ပွဲဝင်ခဲ့မှုအထိ သက်သေထူနေပါတယ်။ ဗမာပြည်ကျောင်းသားတွေရဲ့ အမျိုးသားရေး နိုင်ငံရေးလုပ်ငန်းစဉ်အပေါ်မှာ ထားရှိတဲ့တိုက်ပွဲဝင် ခွပ်ဒေါင်းစိတ်ဓါတ်နဲ့ သမိုင်းအစဉ်အလာကိုတော့ စစ်အုပ်စုအဆက်ဆက်အနေနဲ့ ဘယ်သောအခါမှ ဖျက်ဆီးလို့မရနိုင်ဟု ကျနော်တို့ အနေနဲ့ စွဲမြဲစွာ ယုံကြည်ထားပါတယ်"ဟု ဖော်ပြထားသလို –

**"ကျောင်းသားရှိရင် ကျောင်းသားသမဂ္ဂရှိရမည်"**

**"စစ်အာဏာရှင်စနစ် မုချကျဆုံးရမည်"** ဟု ကြွေးကြော်တိုက်တွန်းထားပါသည်။

■ ■ ■ ■

# ထိုင်းနိုင်ငံတောင်ပိုင်းတွင် မြန်မာအလုပ်သမားအချင်းချင်း ကူညီနိုင်ရေးအတွက် ကော်မတီတခုဖွဲ့



ထိုင်းနိုင်ငံတောင်ပိုင်းတွင် လာရောက်အလုပ် လုပ်ကိုင်နေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများမှ ၎င်းတို့ကလေး ငယ်များ၏ အနာဂတ်နှင့် ထိုင်းနိုင်ငံ တောင်ပိုင်းဒေသအတွင်းလာရောက် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ် သမားများ၏ တွေ့ကြုံခံစားနေရသော အခက်အခဲများအား ကူညီဖြေရှင်းပေးနိုင် ရေးအတွက် ရည်ရွယ်ကာ ထိုင်းနိုင်ငံတောင်ပိုင်း စူရပ်ဌာနီခရိုင်၌ ၂၁၊ ၀၅၊ ၂၀၀၆ ရက်နေ့၊ နံနက် (၉)နာရီအချိန်က မြန်မာအလုပ်သမားများစုပေါင်း၍ အလုပ်သမားသာရေး/နာရေး ကော်မတီတခုကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

မြန်မာအလုပ်သမားများမှ မြန်မာအလုပ်သမားများ သာရေး/နာရေး ကော်မတီ Workers (Burma) Welfare Committee အား ဖွဲ့စည်းရန်အတွက် ရွေးချယ်ခဲ့ရာတွင် စူရပ်ဌာနီဒေသတခုလုံးရှိ မြန်မာအလုပ်သမားများအားလုံး၏ ကိုယ်စား ဦးဆောင်ရန်နှင့် ထိုင်းအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ရန် ကော်မ တီဝင်အဖွဲ့ဝင် (၂၀)ဦးအား ရွေးချယ်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များအဖြစ် မြန်မာနိုင်ငံသားအချင်းချင်းတဦးနှင့် ရင်းနှီးချစ်ခင်လေး စား၍ တွေ့ကြုံရသော ကျန်းမာရေးပြဿနာ အခက်အခဲများ၊ လူသားချင်းစာနာထောက်ထားသော အခွင့်အရေးရပိုင်ခွင့်များအတွက် ကြိုးစားပေးရန်၊ မြန်မာကလေးငယ်များ၏ ပညာရေးနှင့် ဗဟုသုတအား အထောက်အကူပေးရန်နှင့် ကော်မတီမှ အလုပ်သမားများ ကြုံတွေ့နေရသော အခက် အခဲများအား တတ်နိုင်သည့်ဘက်မှ ကူညီသွားရန် ရည်ရွယ်ကြောင်း သိရသည်။

ထို့ပြင် ကော်မတီမှ စူရပ်ဌာနီဒေသတွင် လာရောက်အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများ၏ သားသမီးများ ပညာရေးအတွက်လည်း မူလတန်းမှ အလယ်တန်းအဆင့်ထိကျောင်း ဆောက်လုပ်မည်ဖြစ်ကြောင်း ကော်မတီဝင်တဦးဖြစ်သူ ကိုမျိုးမှ "ကျွန်တော်တို့က ဒီကစတင်ပြီး ကိုယ့် မြန်မာအလုပ်သမား အချင်းချင်း ကူညီတတ်ရိုင်းပင်းတတ်တဲ့ စိတ်ဓါတ်ရှိအောင်၊ နောက် ကျွန်တော်တို့ပဲ ဒုက္ခရောက်ခံချင်တယ်၊ ကျွန်တော်တို့ ကလေးတွေရဲ့ ပညာရေးကိစ္စတွေကို လုပ်ချင်တယ်၊ အဲဒီအတွက် ဒီက မိဘတွေနဲ့တိုင်ပင်ပြီး စာသင်ကျောင်းလည်း ဖွင့်မယ်၊ စာသင်ကျောင်းက သူငယ်တန်း ကနေ ငါးတန်းအထိပေ့ါ၊ တပတ်ကို (၆) ရက် စာသင်မယ်လေ၊ နောက် ကျန်းမာရေး ကိစ္စတွေရောပေ့ါ၊ အလုပ်သမားနဲ့ အလုပ်ရှင်ကိစ္စတွေရောပေ့ါ တတ်နိုင်သလောက် လုပ်သွားမယ်၊ နောက် ကိုယ်ကမှန်လျှက်နဲ့ အဖိနှိပ်ခံရတဲ့ ကိစ္စတွေကို မခံချင်ဘူး၊ အဲဒီအတွက် အလုပ်သမား အခွင့်အရေးတွေကို လည်း အလုပ်သမားတွေကြားမှာ သိအောင်မီးမောင်းထိုးပြချင်တယ်"ဟု အိုးဝေသတင်းအေဂျင်စီသို့ ပြောဆိုခဲ့သည်။

ကရင်၊ မြန်မာ၊ မွန်၊ ရခိုင် စသည့် တိုင်းရင်းသားများ အပါအဝင် မြန်မာပြည်ဘက်မှလာရောက် အလုပ်လုပ်ကိုင်သည့် အလုပ်သမားဦးရေသည် စူရပ်ဌာနီဒေသတခုတည်းတွင် (၁၅၀၀၀၀)ခန့်ရှိပြီး အလုပ်သမားလက်မှတ် ကိုင်ဆောင်မထားနိုင်သည့် အလုပ်သမားဦးရေမှာ (၂၅၀၀၀) ခန့်ရှိကြောင်းနှင့် မြန်မာအလုပ်သမားများသည် ငါးဖမ်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ပရိဘောဂလုပ်ငန်း၊ သစ်ခွဲစက်လုပ်ငန်း၊ ရော်ဘာခြစ်သည့်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်နေကြရပြီး ယခုကဲ့သို့ မြန်မာအလုပ်သမားများ စုစည်းစွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ကော်မတီတခု ဖွဲ့နိုင်စေရေးအတွက် ထိုင်း–မြန်မာ နယ်စပ်အခြေစိုက် ရောင်ခြည်ဦးအလုပ်သမားအဖွဲ့မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

# အေအေပီပီ၏ အစီရင်ခံစာ ၂ စောင် အိုင်ယာလာနိုင်ငံတွင် ထုတ်ပြန်ကြေညာသည့်အခမ်းအနား ကျင်းပ

အေအေပီပီမှ ပြုစုထုတ်ဝေသော အစီရင်ခံစာနှစ်စောင်အား ထုတ်ပြန်ကြေညာသည့် အခမ်းအနားကို ဇွန် လ ၂၉ ရက်နေ့တွင် အိုင်ယာလန်နိုင်ငံ ဒက်ဗရင်မြို့ရှိ နိုင်ငံခြားရေးဌာန၌ ကျင်းပခဲ့သည်။



ထိုအခမ်းအနားတွင် အိုင်ယာနိုင်ငံ ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေးဝန်ကြီးဌာန မစ္စတာကွန်နာလက်နီဟန်းတီဒီ Mr. Conor Lenihan T.D. က "ဒီအစီရင်ခံစာနှစ်စောင်ဖတ်ရတဲ့အခါမှာ စိတ်မကောင်းကြီးစွာ ဖြစ်ရတဲ့အပြင် ကျနော်တို့အနေနဲ့ မြန်မာနိုင်ငံ အခြေအနေကို ကမ္ဘာက ပိုမိုအာရုံစိုက်လာအောင် ဒီထက်နှစ်ဆပိုပြီး ကြိုးစားရမယ်၊ မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေဖြစ်အောင် အလုပ်လုပ်ကြရမယ်လို့ နှိုးဆော်လိုက်သလိုလည်း ဖြစ်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး အမြန်ဆုံးလွှတ်ပေးဖို့ကိုလည်း တောင်းဆိုလိုက်သည့်အပြင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဒီမိုကရေစီရေးကြိုးပမ်းမှုများအား အဟန့်အတားဖြစ်စေမည့် လုပ်ဆောင်ချက်မှန်သမျှကို ပြင်းထန်စွာကန့်ကွက်ကြောင်း ပြောဆိုခဲ့သည်။

အိုင်ယာလန်နိုင်ငံသည် မြန်မာနိုင်ငံ ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံကူညီနေသော နိုင်ငံတခုဖြစ်သည်။

ထိုအခမ်းအနားသို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)၏ တွဲဘက်အတွင်းရေးမှူး ကိုဘိုကြည် တက်ရောက်ခဲ့သည်။

'ဖြတ်သန်းခဲ့ရသည့် အိမ်မက်ဆိုး' နှင့် 'ရှစ်စက္ကန့်ငြိမ်' ("The Darkness We See: Torture in Burma's Interrogation Centers and Prisons" and "Eight Seconds of Silence: The Death of Democracy Activists Behind Bars") အမည်ရှိ ထိုအစီရင်ခံစာနှစ်စောင်မှာ မြန်မာနိုင်ငံ စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များ၏ စနစ်တကျ ညှဉ်းပန်းနှိပ်စက်မှုများနှင့် ထိုနေရာများတွင် သေဆုံးသွားခဲ့ရသည့် နိုင်ငံရေးအကျဉ်းသား ၁၂၇ ဦးအကြောင်းကို အသေးစိတ်ဖော်ပြထားသည့် စာအုပ်များဖြစ်သည်။ ■

# FDB အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်နှင့် အာအာကပ်ဖ်အေအာင်တာဗျူး

## (၀၇ – ၀၇ –၀၆)နေ့၊ (အာအာကပ်ဖ်အေ နံနက်ပိုင်း)

မြန်မာနိုင်ငံမှာ လူထုတိုက်ပွဲတွေပေါ်ပေါက်လာအောင် တတ်နိုင်သမျှဦးတည်ကြိုးပမ်းသွားမယ်လို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု FDB တပ်ပေါင်းစုက ပြောပါတယ်။ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုကို ၂၀၀၄ ခုနှစ်ကစပြီး အတိုက်အခံ (၇)ဖွဲ့နဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဒီတပ်ပေါင်းစု ပထမအကြိမ်ညီလာခံကနေ အခုလို ထုတ်ဖော်ပြောဆိုလိုက်တာပါ။ အဲဒီကိစ္စနဲ့ပတ်သက်လို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) တပ်ပေါင်းစု ပြောခွင့်ရပုဂ္ဂိုလ်တဦးဖြစ်တဲ့ ဒေါက်တာနိုင်အောင်ကို ဦးစိန်ကျော်လှိုင်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကနေ အခုလို ဆက်သွယ်မေးမြန်းထားပါတယ်။

**ဦးစိန်ကျော်လှိုင်။** ။ ဒေါက်တာနိုင်အောင်အနေနဲ့ ကျနော်တို့ အခုဒီမှာ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုရဲ့ ပထမအကြိမ်ညီလာခံပေါ့နော်။ တပ်ပေါင်းစုဖွဲ့ပြီးတဲ့ နောက်ပိုင်းမှာ ပထမအကြိမ်ညီလာခံကို အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီ။ ဒီနောက်မှာ လူထုတိုက်ပွဲတွေ ပေါ်ပေါက်ရေးအတွက်ကို အဓိကထား ကြိုးပမ်းသွားမယ်လို့ ကျနော်တို့ ဖတ်ရပါတယ်။ အဲဒီတော့ လူထုတိုက်ပွဲဆိုတဲ့ ဒီအဓိပ္ပါယ်ကို သောတရှင်တွေ ဘယ်လိုနားလည်အောင်များ ရှင်းပြချင်သလဲခင်ဗျာ။

**ဒေါက်တာနိုင်အောင်။** ။ ကျနော်တို့ မြင်တာကတော့ ဒီနေ့ဒီအချိန်အခါမှာ တွေ့ဆုံဆွေးနွေးရေးကို တစိုက်မတ်မတ် တောင်းဆိုနေကြပေမယ့်လို့လည်း ဒီနအဖကတော့ သူ့ရဲ့လမ်းပြမြေပုံ ၇ချက်ကို ဆက်ပြီးသွားကြမယ့် ဥစ္စာလိုဖြစ်တယ်လေ။ ဆိုတော့ နောက်ပြီးတော့ အဲဒါကိုဆန့်ကျင်မယ့်သူ မှန်သမျှကိုလည်းပဲ ချေမှုန်းသွားမယ့် အနေအထားမျိုးဖြစ်တယ်။ ဆိုတော့ အဲဒီအချိန်အနေအထားမှာ ကျနော်တို့က ပြည်သူ့အာဏာပြည်သူသာ ပိုင်တယ်ဆိုတဲ့အခြေခံပေါ်မှာပဲ ပြည်သူလူထုက ကိုယ့်အခွင့်အရေးကို ကိုယ်သိရှိနားလည်ပြီးတော့မှ ပြန်လည်ရယူဖို့အတွက်၊ တိုက်ပွဲဝင်ဖို့အတွက် လိုတယ်။ ပြည်သူကလည်း အဓိက အဲဒီလိုမျိုးဖြစ်အောင်အတွက် ကျနော်တို့မှာ ဝိုင်းဝန်းပြီးတော့ ကြိုးပမ်းသွားမယ်။ ဆိုတော့ ကိုယ့်အခွင့်အရေးကို ကိုယ်ရဖို့တိုက်ပွဲအသီးသီးတွေ အားလုံးကနေပြီးတော့မှ တနိုင်ငံလုံးအရ ဒီကျနော်တို့ရဲ့ အခွင့်အရေးကို ပြန်လည်ပြီးရယူတဲ့ တိုက်ပွဲမျိုးတွေဖြစ်အောင် ကြိုးစားသွားမှာ ဖြစ်တယ်။

**ဦးစိန်ကျော်လှိုင်။** ။ ဟုတ်ကဲ့၊ အဲဒီနေရာမှာ လူထုတိုက်ပွဲဆိုတာကို ဒေါက်တာနိုင်အောင်ပြောတဲ့ သဘောကို ဥပမာလေးနဲ့ ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။

**ဒေါက်တာနိုင်အောင်။** ။ လူထုတိုက်ပွဲဆိုတာ မတရားတဲ့အရာ မှန်သမျှကို ဖီဆန်ဖို့ပါပဲ။ ဆိုလိုတာက ဘာလဲဆိုတော့ ကျနော်တို့ကိုပေါ့။ မတရား အခမဲ့လုပ်အားပေးခံနေရတယ်။ ကျနော်တို့ တိုက်ပွဲဝင်ရဖို့ပဲ။ လွတ်လပ်စွာ မသွားရဘူး၊ တိုက်ပွဲဝင်ရဖို့ပဲ။ ကုန်ဈေးနှုန်းတွေ ကြီးနေသလား၊ ကုန်ဈေးနှုန်းတွေ ကြီးနေတာက ဘာလဲ။ စီမံခန့်ခွဲမှု ညံ့နေလို့လား၊ လာဘ်စားမှုတွေများ နေလို့လား၊ တိုက်ပွဲဝင်သွားဖို့ပဲ။ အဲဒါတွေကိုတော့ ကျနော်တို့က ဖြစ်နေမှာပဲဆိုတဲ့ ဥစ္စာတင်မဟုတ်ပဲ ဒါတွေကတော့ ငါတို့ဘဝကို ထိခိုက်နေတာ၊ ဖျက်ဆီးနေတာ၊ ငါတို့ဘဝတွေရဲ့ အနာဂတ်တွေကို ပျက်သုဉ်းစေတာဆိုတဲ့ ဥစ္စာကို မြင်ပြီးတော့မှ ကျနော်တို့က အဲဒီအခွင့်အရေးတွေကို ကျနော်တို့ ပြန်လည်ရယူဖို့အတွက် ကိုယ်ဆုံးရှုံးနေတဲ့ ဥစ္စာတွေ၊ ဖိနှိပ်ခံနေရတယ်ဆိုတဲ့ ဥစ္စာတွေ၊ မတရားဘူးထင်တဲ့ ဥစ္စာတွေကို ဆန့်ကျင်ဖို့ပါပဲ။ တယောက်ချင်းကနေ စဆန့်ကျင်ရမယ်။ အစုအဖွဲ့နဲ့ ဆန့်ကျင်ရမယ်။ အဲဒီလိုမျိုး ဆန့်ကျင်သွားဖို့ပါပဲ။

**ဦးစိန်ကျော်လှိုင်။** ။ ဆန့်ကျင်တဲ့နေရာမှာ မူလဆုံးဖြတ်ချက်အရပြောတာတော့ မှန်ပါပြီ။ ဒေါက်တာနိုင်အောင်တို့ပြောတဲ့ နေရာမှာတော့ ရှင်းသွားပြီပေါ့လေ။ သို့သော် လူထုအပိုင်းက အကောင်အထည်ဖော်တဲ့နေရာမှာ ကျနော်တို့ တိုင်းပြည်ထဲမှာ အာဏာပိုင်တွေရဲ့ စိုးမိုးမှုအောက်မှာ အကြောက်တရားကြီးမားတာကို ပထမဆုံးဖယ်ရှားနိုင်အောင် ဘယ်လိုလုပ်သင့်တယ်လို့ ထင်သလဲခင်ဗျာ။

**ဒေါက်တာနိုင်အောင်။** ။ အကြောက်တရားကို လွန်သွားနိုင်ဖို့ ကျနော်မြင်တာကတော့ ဘာလဲဆိုတော့ ကျနော်တို့ တကယ်တန်းအားဖြင့်တော့ ကိုယ်ဘာဆုံးရှုံးနေတယ်ဆိုတဲ့ ဥစ္စာတွေ ကျနော်တို့ မြင်နိုင်ဖို့။ ဒီဆုံးရှုံးနေတာတွေကို ဒီအတိုင်းပဲ ဆက်ပြီးတော့ သွားနေမယ်ဆိုလို့ရှိရင် ငါတို့ဆက ရှုံးနေမှာပဲဆိုတာကို မြင်နိုင်ဖို့ပေါ့။ အဲဒီလိုတွေကနေပြီးတော့ အကြောက်တရားတွေကို လွန်နိုင်မယ်။ နောက်နည်းနာအရတော့ ကိုယ်နိုင်တဲ့ပွဲလေးတွေကနေ စတိုက်ပေါ့ဗျာ။ ကိုယ်လှုပ်ရှားနိုင်တဲ့ ဘောင်ထဲကနေ ဆန့်ကျင်နိုင်တဲ့ ဥစ္စာမျိုးတွေ ကျနော်တို့ လုပ်ဆောင်ဖို့ပါပဲ။ ဆိုလိုတာက အဖမ်းခံရမှာဆိုတဲ့ အနေအထားမျိုးကို ဖြစ်နိုင်တဲ့ အခြေအနေမျိုးတွေကနေ ရှောင်လွှဲပြီး လုပ်လို့ရနိုင်တဲ့ တိုက်ပွဲမျိုးတွေပေါ့။ ပထမဦးဆုံး ကျနော်တို့ ဖြစ်စေချင်တာက ရေဒီယိုတွေကို နားထောင်ကြဖို့ လိုလာတယ်။ ကျနော်တို့ တယောက်နဲ့ တယောက်နဲ့ ကျနော်တို့ ဆုံးရှုံးနေတဲ့ အခွင့်အရေးတွေအကြောင်း၊ ကျနော်တို့ ပြောင်းလဲသင့်တဲ့ လူ့အဖွဲ့အစည်းအကြောင်း၊ နိုင်ငံအကြောင်း၊ ခံစားနေရတဲ့ ဒုက္ခတွေက ဘယ်လိုမျိုးတွေဖြစ်တယ်ဆိုတဲ့အကြောင်း၊ အဲဒီလိုမတရားတဲ့ ဥစ္စာတွေကို ကျနော်တို့က တယောက်ချင်းနည်းအရ၊ စုပေါင်းနည်းအရ ဘယ်လိုလုပ်ရင် ကောင်းမယ်ဆိုတဲ့အကြောင်းတွေ စပြီးပြောနေတဲ့ ဥစ္စာမျိုးတွေ ကျနော်တို့ လုပ်ဖို့လိုတယ်။ တနိုင်တပိုင် ကျနော်တို့ ဆန့်ကျင်ဖို့လိုတယ်။ ဥပမာဆိုပါစို့၊ ကျနော်တို့ ကြံ့ဖွံ့တွေက မတရားတာတွေ လုပ်နေတဲ့ဟာမျိုးဖြစ်တယ်ဆိုရင်လည်း မတရားမှုလုပ်နေတာ မြင်တယ်ဆိုရင်လည်း ကြံ့ဖွံ့တွေ လုပ်နေတဲ့အစည်းအဝေးပွဲမျိုးတွေ သွားဖို့ငြင်းဆန်တာမျိုးက အစပေါ့။

**ဦးစိန်ကျော်လှိုင်။** ။ ဒေါက်တာနိုင်အောင်တို့ရဲ့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု FDB ရဲ့ ထုတ်ပြန်ချက်မှာ နအဖစစ်အုပ်စုရဲ့ နိုင်ငံရေးလမ်းညွှန်ချက် RoadMap လမ်းကြောင်းကို အဆင့်တိုင်းမှာ ပြတ်ပြတ်သားသား၊ ဆန့်ကျင်ကန့်ကွက်သွားနိုင်ဖို့ဆိုတဲ့အချက်ကို ကျနော်တို့ တွေ့ရပါတယ်။ အဲဒီတော့ စစ်အစိုးရဘက်က ပြန်ကြည့်တဲ့အခါကျတော့ ဒီမြန်မာ့အလင်းသတင်းစာကနေပြီးတော့ အခုမနေ့တနေ့ကမှ သတင်းစာထဲမှာ ရေးသွားတဲ့ မောင်စေတနာ ဘီအေ၊ ဘီအီးဒီလို့ခေါ်တဲ့ ပခုက္ကူမြို့က ကျောင်းဆရာဟောင်း ဦးငြိမ်းမောင်တို့လို ပုဂ္ဂိုလ်မျိုးတွေ၊ အဲနောက်တခါ ဒီနအဖရဲ့ အမျိုးသားညီလာခံကို ထောက်ခံကြဖို့ တိုက်တွန်းထားတဲ့ အလံနီဦးလှမြင့်တို့လို အုပ်စုတွေရဲ့ စာတမ်းတွေဟာ အထဲမှာ ပြန့်နှံ့ပြီးတော့ တဖက်က သူတို့ဝါဒဖြန့်ဖို့လုပ်နေသလို တဖက်ကလည်း မြန်မာ့အလင်းသတင်းစာကတဆင့် ဟုတ်လား၊ အမျိုးသမီးအဖွဲ့တွေ ဘာတွေကနေ အဲန်အယ်လ်ဒီနဲ့တကွ အတိုက်အခံကို သိက္ခာချတဲ့ သတင်းတွေ၊ ဆောင်းပါးတွေ ဆက်တိုက်ရေးနေတဲ့အခါ အဲဒီအချက်ကို ပြန်လည်တုန့်ပြန်နိုင်ဖို့ကော မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအနေနဲ့ ဘာများပြင်ဆင်ထားတာ ရှိပါသလဲခင်ဗျာ။

**ဒေါက်တာအောင်နိုင်**။ ။ ကျနော်တို့ အနေနဲ့တော့ တောက်လျှောက် ပေါ့နော်၊ ကျနော်တို့ လူထုတွေက အမှန်တရားကို ပိုမိုမြင်လာအောင်အ တွက် နည်းပေါင်းစုံကနေပြီးတော့ ကျနော်တို့ ကြိုးစားဖို့ရှိပါတယ်။ ကြိုး လည်း ကြိုးစားသွားမှာပါပဲ။ အခုလိုမျိုး ရေဒီယိုကပြောတာမျိုး အပါအဝင် အထဲထဲမှာရှိနေတဲ့ တကယ့်ကျနော်တို့ ညီအစ်ကိုရဲဘော်တွေကနေတ ဆင့် ပြောတာမျိုးတွေလည်း အများကြီးရှိနိုင်ပါတယ်။ တကယ်တန်းပြော မယ်ဆိုလို့ရှိရင်တော့ ခုနပြောသလို ပြည်သူလူထုကတော့ အစစ်အမှန် တွေကို ပိုသိနိုင်ဖို့အတွက် ကျနော်တို့ ကြိုးစားဖို့လိုတယ်။ အဲဒီလို ကြိုးစား ခြင်းအားဖြင့် အမှန်တွေ ပိုသိလာတဲ့အခါမှာ အမှား၊ အမှန်ကို ခွဲခြားပြီး တော့ တရားတာ၊ မတရားတာကို ခွဲခြားနိုင်ဖို့ဆိုပြီးတော့ ကျနော်တို့ ကြိုးစားသွားရမယ်၊ ဆိုတော့ ကျနော်တို့ မီဒီယာနည်းအားဖြင့်လည်း ကောင်း၊ ကျနော်တို့ တခြားနည်းနာတွေနဲ့သော်လည်းကောင်း၊ ကျနော် တို့ ဒီဟာတွေကို ဖြေရှင်းသွားပါမယ်။ နောက်ပြီးတော့ ပြည်သူလူထုကို ကျနော်တို့ အမြဲတမ်းမီး မောင်းထိုးပြနိုင်မှာ ဖြစ်ပါတယ်ခင်ဗျာ။

**ဦးစိန်ကျော်လှိုင်**။ ။ နောက်တခုက ခုနစစ်အစိုးရက ဒီမီဒီယာ နည်းအားဖြင့် အတိုက်အခံကို ထိုးနှက်တဲ့အချက်တွေကို အရှိန်မြှင့်လုပ် ဆောင်လာသလို မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအနေနဲ့ အခုနလူထုတိုက်ပွဲနည်းတွေ အကောင်အထည်ပေါ်လာအောင် ဘယ်လို နည်းနဲ့များဆက်ပြီးတော့ အကောင်အထည်ဖေါ်သွားဖို့ အစီအစဉ်ရှိ သလဲခင်ဗျာ။

**ဒေါက်တာနိုင်အောင်**။ ။ ပြည်သူတွေ ကြားထဲကနေပြီးတော့မှ ခုနပြော သလိုပဲ မတရားတာကို ဆန့်ကျင်နေတဲ့ အချက်အလက်သတင်းတွေကို စုဆောင်းပြီးတော့ တတ်နိုင်သမျှ မီဒီယာကနေတဆင့် ပြန်ပြီးတော့ တင်ပြ မယ်။ ဥပမာ မစုစုနွေးတို့လို၊ ဆရာကြီးဆလိုင်းထွန်းသန်းတို့လို၊ ကိုထွန်း ထွန်းတို့လို ဒီလိုပဲ တခြားလူတွေ ဖြစ်နေတဲ့ကိစ္စတွေ ရှိကြတယ်နော်။ ကျနော်တို့ ခုနက လယ်သမားကြီးတွေဆိုလို့ရှိရင်လည်း မြေယာကိစ္စတွေ စပြီးပြောလာတာတွေ ရှိလာတယ်။ ကလေးစစ်သားတွေနဲ့ ပတ်သက်ပြီး ပြောလာတာတွေ ရှိလာတယ်။ အမျိုးသမီးတွေဆိုလို့ရှိရင်လည်း မတရား အကြမ်းဖက်ခံရတဲ့ကိစ္စတွေ ပြောလာတာတွေရှိလာတယ်။ ဆိုတော့ အဲဒီလို ပြောလာပြီးတော့ တိုက်ပွဲဝင်လာတဲ့ ကိစ္စတွေအားလုံးမှန်သမျှကို ကျနော်တို့က မီဒီယာကနေ သတင်းအချက်အလက်ပုံစံမျိုးနဲ့ သိရှိခြင်း အားဖြင့် ပြည်သူလူထုတွေအနေနဲ့ ဒါမျိုး ငါတို့ကို တိုက်ပွဲဝင်နေတဲ့ အနစ် နာခံပြီး လုပ်နေတဲ့ ရဲဘော်တွေ ရှိပါသေးလား၊ ပြည်သူတွေ ရှိပါသေးလား။ အဲဒီကနေပြီးတော့မှ လှုပ်ရှားတက်ကြွမှုတွေ ကို စိမ့်ဝင်စီးဆင်းပြီးတော့မှ အားလုံး ငါတို့ တယောက်ချင်းလုပ်နေတာထက်စာလို့ရှိရင် အားလုံးအုပ် စုလိုက်လုပ်နိုင်တာ၊ လုတိုင်းလုပ်နိုင်တာက ပိုမကောင်းဘူးလားဆိုတဲ့ စိတ် မျိုးတွေဖြစ်လာအောင် ကျနော်တို့ ကြိုးစားရမှာပါပဲ။

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု FDB တပ်ပေါင်းစု ပြော ခွင့်ရပုဂ္ဂိုလ် ဒေါက်တာနိုင်အောင်ကို ဦးစိန်ကျော်လှိုင် ဆက်သွယ်မေးမြန်း ထားတာပါ။

# မလေးရှားတွင် DTP မှ ပြုလုပ်သည့် ကုလသမဂ္ဂရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေးဆိုင်ရာ သဘောတူညီချက်သင်တန်းသို့ ရောင်ခြည်ဦးအလုပ်သမားအဖွဲ့မှ တာဝန်ခံတက်ရောက်

မလေးရှားနိုင်ငံ ပီတယ်လင်းဂျာယမြို့တွင် Diplomacy Training Program(DPT)က နယူးဆောက်သ်ဝေးပြည်နယ် တက္ကသိုလ်ဥပဒေမဟာ ဌာနကြီးနှင့် တွဲဖက်၍ အာရှပစိဖိတ်ဒေသတွင်းရှိ ပြည်သူများအတွက် Migrant Workers and the UN Convention on Migrant workers' Rights သင်တန်းကို ၂၀၀၆ ခုနှစ် ဧပြီလ ၇ ရက်နေ့မှ ၁၁ ရက်နေ့ထိ ဖွင့်လှစ်ခဲ့သည်။ ကုလသမဂ္ဂရွှေ့ပြောင်းအလုပ်သမားများနှင့် ရွှေ့ပြောင်းအလုပ် သမားအခွင့်အရေး သဘောတူညီချက်ကို အခြေခံ၍ ရွှေ့ပြောင်းအလုပ်သမားများအရေး ဆောင်ရွက်နေသူများအတွက် အစီအစဉ်ဖြစ်သည်။ ထို သင်တန်းကို DPT က Migrant Forum Asia (MFA): Pusat (KOMAS): The Malaysian Trade Union Congress (MTUC): Aliran: and Messer. Chearl Hector တို့နှင့်ပူးတွဲ၍ စုစည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။



အဆိုပါသင်တန်းသည် ၂၀၀၃ ခုနှစ်၊ ဇူလိုင်လတွင် ရွှေ့ပြောင်းအလုပ်သ မားများဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက် The UN Convention On Migrant Workers (CMW)စပ်လျဉ်း၍ ဗဟုသုတရစေရန်နှင့် နားလည် မှုများတိုးပွားလာစေရန် ရည်ရွယ်ဖော်ဆောင်ခဲ့ပြီး အရပ်ဖက်အဖွဲ့အစည်းများ တွင် လုပ်ကိုင်ဆောင်ရွက်နေသူများ၏ လုပ်နိုင်စွမ်းရည်ကို တိုးမြှင့်ပေးရန် ထိုမှတဆင့် နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များကို ဒေသတွင်းရှိ ရွှေ့ပြောင်း အလုပ်သမားများနှင့်ပတ်သက်၍ လုပ်ကိုင်ရာတွင် ပေါင်းစပ်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ကြောင်း သိရပါသည်။ အာရှပစိဖိတ်ဒေသတဝှမ်းလုံးမှ ရွှေ့ပြောင်း အလုပ်သမားတို့၏ အရေးအရာများကို လုပ်ဆောင်နေကြသည့် လူ့အခွင့်အ ရေးအဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများ၊ အစိုးရနှင့်မသက်ဆိုင်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ တတ်ကျွမ်းနားလည်သည့် ပညာရှင်များအကြားတွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်နှီးနှောဖလှယ်ခြင်းများဖြင့် ဆက်စပ်သွားမည်ဖြစ်ကြောင်းသိရ သည်။ အဆိုပါသင်တန်းသို့ ဆွေးနွေးဖလှယ်ရန်နှင့် အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်ရန် နိုင်ငံပေါင်း(၁၃)နိုင်ငံမှ လူပုဂ္ဂိုလ်(၃၀)ကျော် တက်ရောက်ခဲ့ သည်။

ထိုသင်တန်းသို့ ထိုင်း-မြန်မာနယ်စပ် မဲဆောက်အခြေစိုက် ရောင်ခြည်ဦးအလုပ်သမားအဖွဲ့မှ တာဝန်ခံဦးမိုးဆွေအပါအဝင် ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ကမ်ပူးချား၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ မွန်ဂိုးလီးယား၊ နီပေါလ်၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ တောင်ကိုးရီးယား၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ တက်ရောက်ခဲ့ကြသည်။ ■

# ငရဲခွေးကြီး လွှတ်နေပြီ (၈၈ – ၀၆)

မြေစိုင်ခဲကို ရေနွေးနှင့်မှ ကြေသည်မဟုတ်။
ရေအေးနှင့်ချေသော်လည်း ကြေသည်ပင်၊
သတိုးမင်းခေါင်
အင်းဝခေတ်
(မွန်–မြန်မာ အနှစ်လေးဆယ်စစ်ကာလ ငြိမ်းချမ်းရေးစကား)

မြန်မာတပ်မှူးတယောက်ရဲ့သမိုင်းစကား။ သျှင်ဒီသာပြမုဒ်ခေတ်အလွန် ငြိမ်းချမ်းရေးစကား။ အနှစ်လေးဆယ်စစ်ကို နိဂုံးသတ်စေသော စကား။ ပြည်သူတွေ ပင်ပန်းလို့အန္တမ်းဖြေတဲ့ စကား၊ ဒီနေ့ ၂၀၀၆ ခုနှစ်မှာလဲ အလားတူစကားတခွန်းကို ၄၄ နှစ်တာ မွန်းကြပ်နေတဲ့ နိုင်ငံတခုထဲမှာ ကြားလိုက်ရတဲ့သတင်း စကား။ ၁၈ နှစ်တာ ကြာခဲ့ပြီဖြစ်တဲ့ တရားဝင်အုပ်ချုပ်ရေး အစိုးရကင်းမဲ့နေတဲ့ ရှက်ဖွယ်လိလိ နိုင်ငံတခုရဲ့ နိုင်ငံရေးအမြင် စကား။ ပဋိပက္ခတွေကို ချုပ်ငြိမ်းစေမယ့် စကား။ ပြည်သူတွေကို လှုပ်နိုးလိုက်တဲ့ စကား။ ဒီစကားကို ပြည်ထောင်စုနေ့ (၁၂–၂–၀၆)နဲ့ (၂၁–၄–၀၆)တို့မှာ အထူးကြေငြာချက်အဖြစ် ပေါ်ထွက် လာခဲ့တဲ့ ပကတိအရှိတရားနဲ့ အကိုက်အညီဆုံး စကား၊ တွေ့ဆုံဆွေးနွေးအဖြေရှာရေးဆိုတာတင်မက။ စနစ်တကျအသွင်ကူးပြောင်းနိုင်ရေး။ ပြည်သူတွေ ပင်ပန်းဆင်းရဲ ကင်းစေရေး။ စိတ်နှလုံးပူပန်ခြောက်ခြားမှု အာရုံချုပ်ငြိမ်းရေးတွေကို ချေဖျက်နိုင်တဲ့ ကမ်းလှမ်းမှု။ ဒီကမ်းလှမ်းမှုကို NLD က အထူးကြေငြာချက်အဖြစ် ထုတ်ဝေခဲ့တယ်၊အဓိကအချက်ကတော့ Defacto Goverment မှ Dejury Goverment အဖြစ် အသွင်ကူးပြောင်းနိုင်ရေးဆိုတဲ့ ဥပဒေသဘောသက်ဝင်ပြီး။ နိုင်ငံရေးအတိုက်အခံတွေနဲ့ ညှိနိုင်းဆွေးနွေးပြီး ‘ပြည်သူလူထုကတရားဝင် ရွေးချယ်တင်မြှောက်သော အစိုးရအုပ်ချုပ်ရေးအဖွဲ့တရပ် ပေါ်ထွက်လာစေရေး’ ဆိုတဲ့ အကောင်းဆုံးရည်ရွယ်ချက်ပါ ပါတယ်၊ ဒါပေမယ့် Junta အစိုးရအဖွဲ့ဟာ နိုင်ငံရေးပြယုဒ်အသွင် ဆောင်ထားတဲ့’၊ ‘အမျိုးသားညီလာခံ’ ကြီး ၇၀% ပြီးစီးနေပြီဆိုတာကလွဲလို့ ဘာမှထပ်လုပ်ပြစရာ နိုင်ငံရေးလုပ်ငန်းစဉ် မရှိတော့ပဲ။ နိုင်ငံရေးနဲ့ စစ်ရေးတန်ပြန် အဖျက်လုပ်ငန်းတွေကိုသာ ဦးတည်လာခဲ့တာ ဧပြီလတစ်လလုံး အထင်အရှားပါ၊

သာဓကအချို့ကို ပြရမယ်ဆိုရင် ဗိုလ်ချုပ်မောင်ဦး(ပြည်ထဲရေးဝန်ကြီး)ဟာ ၈၈ ကျောင်းသားအဖွဲ့ကို ဥပဒေအရ ဖမ်းဆီးချုပ်နှောင်နိုင်ရန် တရားသူကြီးချုပ်ထံတွင် အကြံဉာဏ်များ တောင်းခံခြင်း။ ငြိမ်းချမ်းရေးရရန် ကမ်းလှမ်းထားသော လက်နက်ကိုင်အဖွဲ့ (၁၈ )ဖွဲ့ထဲမှာ ၁၈ ဖွဲ့မြောက် ဖြစ်မလာနိုင်သေးသော ကေအဲန်ယူလက်နက်ကိုင်အဖွဲ့များကို DKBA နှင့်ပူးပေါင်းကာ ထိုးစစ်ကြီး ၃ ကြိမ် အပြင်းအထန်ဆင်နွှဲခဲ့ခြင်း။ ဒုဗိုလ်ချုပ်မှူးကြီးမောင်အေး ဧပြီ ၂–၇ (၂၀၀၆)ခုနှစ် ရုရှားဖက်ဒရေးရှင်းခရီးစဉ်တွင် ပွဲစားကြီးတေဇဦးဆောင်မှုဖြင့် ဒေါ်လာ သန်း ၁၃၀ ကျော်တန် **Tor** နှင့် **Bird** တိုက်လေယာဉ် (၁၀)စီး ဝယ်ယူရန် စီစဉ်ခြင်း။ အချုပ်ကိုဆိုရသော် နိုင်ငံရေး၊ စစ်ရေးတွင် တန်ပြန်ချေမှုန်းရေးနှင့် အမြစ်ပြတ်သုတ်သင်ရှင်းလင်းရေးတို့ကိုသာ စီစဉ်ဆောင်ရွက်နေသည်မှာ အထင်အရှားပင်ဖြစ်သည်၊

အခြားမြင်သာသောအချက်များမှာ NLD ပါတီ နုတ်ထွက်လွှာများ ပြန်လည်ထွက်ပေါ်လာခြင်း။ မတရားအသင်း ကြေငြာရန် ခိုင်လုံသော အထောက်အထားများရှိနေပြီဟု တရားဝင်ပြောဆိုလာခြင်း။ ၂၀၀၄ ခု အောက်တိုဘာ ၁၉ အလွန် တပ်နှင့် ထောက်လှမ်းရေး အကွဲအပြဲတွင် သံသယဝင်လာသော တပ်အဖွဲ့အစည်းအား လစာ ၁၀ ဆတိုးမြှင့်၍ စည်းရုံးချုပ်ကိုင်ရန် အားထုတ်လာခြင်းတို့ကို တွေ့လာရသောအခါ ‘ငရဲခွေးကြီးလွှတ်နေပြီ’ ဟူသော စကားကိုသာ ပြန်လည်သတိရမိပါတော့သည်၊

လက်တွေ့ဘဝတွင် ပြည်သူလူထု၏ ယုံကြည်မှုကင်းမဲ့ခြင်း။ လစာတိုးသော အဆန္ဒန်းထားကို ဝန်ထမ်းများအများစု (အောက်ခြေ)မှ လုံးဝကျေနပ်မှုမရှိခြင်း။ အကြမ်းဖက်ဖောက်ခွဲမှု(လူလုံးဝမမိသော)များ ရက်သတ္တပတ်ခြား တခါဆိုသလို တွေ့နေရခြင်း။ အခြေခံစားကုန်နှင့် လူသုံးကုန်များ၊ ဈေးနှုန်းများ မြင့်မားလာခြင်း။ ကုန်သည်ကြီးများနှင့် အစိုးရအကြား ယုံကြည်မှုပျက်ပြားလာခြင်း။ အစိုးရအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တဦး၏သားကိုယ်တိုင် ဆန်သိုလှောင်မှု အမြောက်အများပြုလုပ်နေသည်ဟု ကြားသိနေရခြင်းတို့သည် **Trust Goverment** အစိုးရတခုနှင့် မိုင်ပေါင်းများစွာက ပကတိပြည်သူတို့၏ ခံစားမှုပင်ဖြစ်တော့သည်၊

ထိုထို့ဤဤ အဖြစ်အပျက်များမှာ လက်တွေ့ဘဝမှလာသော ခံစားမှုများပင် ဖြစ်တော့သည်၊ ထို့ကြောင့် လွှတ်နေသော ငရဲခွေးကြီးသည် ငရဲသို့ ပြန်သွားရန် ပြည်သူအများက အလိုရှိသည်၊ ငရဲသည်သာ ဇာတိအမှန်ဖြစ်သော ငရဲခွေးကြီးကို ဇာတိနေရာသို့ ပြန်ပို့ရန် အားလုံးက ဝိုင်းဝန်းဆောင်ရွက်နေစဉ်။ ငရဲခွေးကြီးကိုက်၍ အန္တရာယ်ရှိကြောင်းကို ကြိုတင်၍ ကာကွယ်ဆေး ၁၄ လုံး ထိုးထားပါရန် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များထံ နှိုးဆော်သံပို့လိုက်ပါတယ်။ ■

PPK(ပြည်တွင်း)

■ ■ ■ ■

# FDB ဒုတိယအတွင်းရေးမှူးချုပ် ကိုငွေလင်းနှင့် ဘီဘီစီအင်တာဗျူး (၆ – ၇ – ၀၆)နေ့ (ဘီဘီစီ ညပိုင်း)

ပြည်ပရောက်ကျောင်းသားနဲ့လူငယ်အဖွဲ့ (၇) ဖွဲ့တို့ ပူးပေါင်းဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (အက်ဖ်ဒီဘီ)ရဲ့ ပထမအကြိမ်ညီလာခံကို ထိုင်း–မြန်မာနယ်စပ်မှာ ဒီနေ့ပဲ ကျင်းပပြီးစီးခဲ့ပါတယ်။ သူတို့အဖွဲ့အစည်းက အဓိက ဦးတည်ချက်အဖြစ် လူထုတိုက်ပွဲတွေ ပေါ်ပေါက်လာရေးကို ဆောင်ရွက်မယ်လို့ ဆုံးဖြတ်ချက်ချခဲ့ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုရဲ့ ဒုတိယအတွင်းရေးမှူးချုပ် ကိုငွေလင်းကို ဆက်သွယ်ပြီး လူထုလှုပ်ရှားမှုဆိုတာ ဘယ်လိုလှုပ်ရှားမှုတွေကို ပြောချင်တာလဲလို့ မေးကြည့်တော့ ကိုငွေလင်းက —

**ကိုငွေလင်း။** ။ လူထုတိုက်ပွဲမှာတော့ ကျနော်တို့ ပုံသဏ္ဍာန်အမျိုးမျိုးရှိလိမ့်မယ်။ ဆရာကြီး ဒေါက်တာဆလိုင်းထွန်းသန်းလိုမျိုး၊ ကျနော်တို့ တဦးချင်း၊ တယောက်ချင်း၊ လူထုဆန္ဒ ထုတ်ဖော်တာမျိုးတွေလည်း ရှိနိုင်တယ်။ ဒီလိုမဟုတ်ဘူးဆိုလို့ရှိရင်လည်း ကျနော်တို့ ကျောင်းသားတွေ၊ အလုပ်သမားတွေ စသည်ဖြင့် လှုပ်ရှားလာတာမျိုးလည်း ရှိနိုင်တယ်။ ဒီထက်ပိုပြီးဆိုလို့ရှိရင်တော့ ကျနော်တို့က လူတန်းစားအလွှာအသီးသီးပါဝင်လာတဲ့ လူထုလှုပ်ရှားမှုကြီး၊ ကျနော်တို့ ၈၈ ကဲ့သို့ လှုပ်ရှားမှုကြီးမျိုးလည်း ဖြစ်နိုင်တယ်။

**ဘီဘီစီ။** ။ ဒါပေမယ့် ဒီလိုကျပ်တည်းတဲ့ အခြေအနေမျိုးမှာ လူထုတွေက လက်တွေ့မှာ ပါဝင်လှုပ်ရှားလာပါ့မလား ခင်ဗျာ။

**ကိုငွေလင်း။** ။ အခြေအနေကြီးကတော့ ကျနော်တို့ညှော်စာရင်းတွေ စစ်ဖို့ရာအတွက် ပုံစံ (၁၀)စာရွက်တွေကို ဓာတ်ပုံနဲ့တကွ အိမ်ရှေ့မှာ ကပ်ထားရမယ်ဆိုတဲ့ အဆင့်အထိကျပ်တည်းနေတာ ကျနော်တို့ သိပါတယ်။ အဲဒီကျပ်တည်းနေတဲ့ အောက်မှာပဲ ကျနော်တို့က အလုပ်တွေက ပိုပြီးလုပ်ကျရမှာပါ။ အဲဒီတော့ ဒီလိုကျပ်တည်းမှုတွေ ပိုပြီးကြီးမားလာလေလေ လူထုရဲ့နာကျင်မှုက ပိုပြီးတော့မှ ခါးသီးလာလေလေဖြစ်တဲ့အတွက်၊ လူထုလှုပ်ရှားမှုအတွက် လူထုကြီးက ပိုပြီးအဆင်သင့်ဖြစ်သထက် ဖြစ်လာနေပြီလို့ ကျနော်တို့က ဒီလိုမှန်းဆလို့ရပါတယ်။

**ဘီဘီစီ။** ။ ဒါပေမယ့် မကြာခင်ကပဲ အစိုးရက သတင်းစာထဲမှာ လူထုလှုပ်ရှားမှုတွေက တိုင်းပြည်ရဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေတယ်လို့ အဲဒီလိုမျိုးဆိုပါတယ်။ ဘာပဲပြောပြော လက်ရှိအခြေအနေမှာတော့ တစုံတရာတော့ တည်ငြိမ်မှု ရှိတယ်။ တည်ငြိမ်မှုရှိတယ်ဆိုတာ ဆူပူလှုပ်ရှားနေတဲ့ အခြေအနေမျိုးတော့ မဟုတ်ဘူးပေါ့နော်။ လက်ရှိတည်ငြိမ်နေတဲ့ အခြေ အနေတွေကို ဒီလူထုလှုပ်ရှားမှုတွေက ပျက်ပြားမသွားစေနိုင်ဘူးလား ခင်ဗျာ။

**ကိုငွေလင်း။** ။ အခု ကျနော်တို့ တည်ငြိမ်နေတယ်ဆိုတာက ဒါစစ်အစိုးရပြောတဲ့ တည်ငြိမ်မှုမျိုးလို ဖြစ်နေတယ်။ ဘာကြောင့်လည်းဆိုရင် ကုန်ဈေးနှုန်းတွေ တောက်လျှောက်တက်နေတယ်။ လူတွေရဲ့ စားဝတ်နေရေးက ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအနေအထားတွေ အကုန်လုံးက ဘက်စုံမှာ ကျဆင်းနေတဲ့ဥစ္စာဟာ တခါမှမကြုံဘူးတဲ့ အနေအထားထိရောက်နေကြတဲ့ အခြေအနေမျိုးမှာ၊ ဒီအခြေအနေမျိုးအောက်မှာ တည်ငြိမ်နေတယ်လို့ ပြောတဲ့ဥစ္စာကတော့ တော်တော်ကို ရယ်စရာကောင်းနေပါတယ်။ နိုင်ငံရေးအရဆိုရင် ဘယ်လိုမှ အဓိပ္ပါယ်မရှိတဲ့ တည်ငြိမ်မှုမျိုးဖြစ်နေတယ်။

**ဘီဘီစီ။** ။ ဟုတ်ကဲ့ တကယ်လို့ လူထုလှုပ်ရှားမှု ဖြစ်လာခဲ့ပြီဆိုပါတော့။ အဲဒီလိုဖြစ်လာခဲ့တဲ့ လူထုလှုပ်ရှားမှုက စည်းကမ်းရှိပြီးတော့ စနစ်ကျတဲ့ လှုပ်ရှားမှုမျိုးမဖြစ်ခဲ့လို့ရှိရင် နောက်အတက်ကြွလွန်ပြီး အကြမ်းဖက်တဲ့သူမျိုးတွေရော ရောနှောပါဝင်လာခဲ့လို့ရှိရင် ဒီမိုကရေစီအရေးနဲ့ ပိုပြီးတော့ ဝေးသွားစေနိုင်တဲ့ မူလရည်ရွယ်ချက်ကို ပိုပြီးဆုတ်ယုတ်စေတယ်လို့ ယူဆတဲ့ သူတွေလည်းရှိပါတယ်၊ အခု ဒီဆောင်ရွက်ကြတဲ့သူတွေက များသောအားဖြင့်က ဦးဆောင်တဲ့သူတွေက ပြည်ပကလူတွေဆိုတော့ အဲဒီလိုမျိုး အဖြစ်အပျက်မျိုးတွေ ဖြစ်မလာနိုင်အောင် ဘယ်လိုတားဆီးနိုင်မလဲ ခင်ဗျာ။

**ကိုငွေလင်း။** ။ ၉၀ ခုနှစ်၊ ရလဒ်ကို ကျနော်တို့ ပိုင်ဆိုင်ထားတဲ့ ယူအဲန်အယ်လ်ဒီလို အက်စ်အဲန်အယ်လ်ဒီလို စီအာပီပီလို အဖွဲ့အစည်းတွေလည်း ရှိနေတဲ့အချိန်မှာ ကျနော်တို့ပြီးတော့ ကျနော်တို့ ၈၈ ရဲ့ သင်ခန်းစာတွေအရ ကျနော်တို့လူထုကလည်း ၁၇ နှစ်၊ ၁၈ နှစ်လောက် ကျနော်တို့ ပြင်ဆင်ချိန်ရကြတဲ့ကာလမှာ ကျနော်တို့ အစောက မှန်းဆထားတာမျိုးပေါ့လေ။ ကျနော်တို့ စည်းပျက်၊ ကမ်းပျက်၊ ရမ်းရမ်းကားကား ဆိုတဲ့ဟာမျိုးဖြစ်မယ်လို့ ကျနော်တို့ မထင်ဘူး။ သူတို့ရဲ့ဆန္ဒတွေကိုသာ အတိအကျဖော်ထုတ်ပြသနိုင်တဲ့ စည်းရှိကမ်းရှိ ခေါင်းဆောင်မှုရှိတဲ့ လူထုဆန္ဒပြပွဲတွေ၊ လူထုလှုပ်ရှားမှုတွေ ပေါ်ပေါက်လာနိုင်ပြီလို့ ကျနော်တို့တော့ အဲဒီလိုပဲသုံးသပ်ပါတယ်။

**ဘီဘီစီ။** ။ အခု လူထုလှုပ်ရှားမှု ဆောင်ရွက်မယ်ဆိုတာတော့ ဟုတ်ပါပြီ။ ဒီလူထုလှုပ်ရှားမှုရဲ့ အဆုံးစွန်ရည်မှန်းချက်က ဘာလဲ ခင်ဗျာ။ ဘာကို ရည်ရွယ်တာပါလဲ။

**ကိုငွေလင်း။** ။ ကျနော်တို့ရဲ့ ပြည်သူလူထုတိုက်ပွဲဖေါ်ထုတ်ရေး အဓိကရည်မှန်းချက်ဟာ တွေ့ဆုံဆွေးနွေးရေး စကားဝိုင်းပေါ်ကို စစ်အုပ်စု တက်သွားဖို့ တခုဖြစ်ပါတယ်။ နောက်တခုကတော့ ၉၀ ရွေးကောက်ပွဲရလဒ်ကို အခြေခံတဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာဖို့ဆိုပြီး ကျနော်တို့ ရည်ရွယ်ပါတယ်။

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုရဲ့ ဒုတိယအတွင်းရေးမှူးချုပ် ကိုငွေလင်းဖြစ်ပါတယ်။

■ ■ ■ ■

FDB
Forum for Democracy in Burma

# မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု
## Forum for Democracy in Burma

## "လူထုတိုက်ပွဲများပေါ်ပေါက်လာရေးအတွက် ဦးတည်ကြိုးပမ်းသွားမည်"

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ ပထမအကြိမ်ညီလာခံကို (၂–၇–၂၀၀၆)ရက်နေ့မှ (၆–၇–၂၀၀၆) ရက်နေ့ထိ ထိုင်း–မြန်မာနယ်စပ်တစ်နေရာတွင် အောင်မြင်စွာကျင်းပခဲ့ရာ လူထုတိုက်ပွဲများ ပေါ်ပေါက်ရေးအတွက် အဓိကဦးတည်ကြိုးပမ်းသွားမည့်အကြောင်း တခဲနက်ဆုံးဖြတ်ခဲ့ပါသည်။

မိမိတို့ညီလာခံမှ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေကို ရှုမြင်ရာတွင်...

(နအဖ) စစ်အုပ်စုသည် တွေ့ဆုံဆွေးနွေးအဖြေရှာရေးနည်းကို ပစ်ပယ်မြဲပစ်ပယ်ပြီး လမ်းပြမြေပုံ (၇)ချက်ကိုသာ စွဲစွဲမြဲမြဲအကောင် အထည်ဖေါ်လျှက်ရှိသည်၊ ဆန့်ကျင်သူများကိုလည်း နည်းပေါင်းစုံဖြင့် ဖိနှိပ်ချေမှုန်းလျှက်ရှိသည်။

* ဒေါ်အောင်ဆန်းစုကြည်ကို နည်းပေါင်းစုံဖြင့်သိက္ခာချ၍ မြန်မာပြည်နိုင်ငံရေးဖြစ်စဉ်မှ ဖယ်ထုတ်ရန် ကြိုးစားနေခြင်း။
* NLD အပါအဝင် အတိုက်အခံပြည်တွင်းနိုင်ငံရေးပါတီများကို ပြည်သူလူထုနှင့် အဆက်ပြတ်စေ၍ ရပ်တည်နိုင်စွမ်းမရှိ အောင်လုပ်ဆောင်ခြင်း။
* တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အင်အားစုများအပေါ် ပြည်သူလူထုအား ဓါးစားခံပြု၍ နည်းပေါင်းစုံဖြင့် ဖိအားပေးတိုက်ခိုက်နေခြင်း။
* ရှစ်လေးလုံးမျိုးဆက်ကျောင်းသားများအားလည်း ချိုးနှိမ်ကန့်သတ်မှုများပြုလုပ်နေခြင်း။

စသည်တို့သည် (နအဖ)၏ ဝ့ါမြင်းငါစိုင်း စိတ်ဓါတ်ကို ဖေါ်ပြနေသည်။

ဤအခြေအနေများအရ NLD, CRPP တို့ကင်း၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမိသားစုများကင်း၊ လူထုကြီးနှင့် နိုင်ငံရေးအင်အားစု အသီးသီးကင်း၊ တောက်လျှောက်တင်ပြကမ်းလှမ်းထားသော တွေ့ဆုံဆွေးနွေးအဖြေရှာရေးလမ်းကြောင်းကို (နအဖ)စစ်အုပ်စုမှ (လုံး၀) ငြင်းပယ်နေခြင်းဖြစ်ကြောင်း ညီလာခံမှ အခိုင်အမာရှုမြင်ပါသည်။

ယနေ့အချိန်အခါတွင် အင်အားစုအသီးသီး၏ ညီညွတ်ရေးကို အစွမ်းကုန်မြှင့်တင်ပြီး ဟန်ချက်ညီညီလှုပ်ရှားသွားနိုင်ရေးမှာအရေးတကြီးလိုအပ်ချက်ဖြစ်သည်ကို ညီလာခံကြီးမှ အလေးအနက် ယုံကြည်သည့်အတွက်...

* မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာပြီး စွမ်းဆောင်ရည်မြင့်သော နိုင်ငံရေးအင်အားစုတစ်ရပ်အဖြစ် စုစည်းတည်ဆောက်သွားရန်။
* ဒီမိုကရေစီတိုက်ပွဲဝင် အင်အားစုများအတွင်း မဟာဗျူဟာညှိနှိုင်း ဆက်စပ်လုပ်ဆောင်မှုများ ဆောင်ရွက်သွားရန်။
* လူထုတိုက်ပွဲများပေါ်ပေါက်လာရေးအတွက် ဦးတည်ကြိုးပမ်းသွားရန်။
* ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဝန်းအဝိုင်းမှ ဟန်ချက်ညီ စုပေါင်းအားထုတ်မှုများဖြင့် မြန်မာပြည်အရေး၌ ထိထိရောက်ရောက် ပါဝင်ဖြေရှင်းလာစေရေးအတွက် ကြိုးပမ်းသွားရန်။

စသည့် မဟာဗျူဟာ လုပ်ငန်းစဉ်ရည်မှန်းချက် (၄)ရပ်ကို ချမှတ်ခဲ့ပါသည်။

ညီလာခံသည် (နအဖ)စစ်အုပ်စု၏ လမ်းပြမြေပုံလမ်းကြောင်းကို အဆင့်တိုင်း ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်သွားနိုင်ရန်ငင်း၊ အင်အားစုအသီးသီးပါဝင်သည့် လွတ်လွတ်လပ်လပ် တန်းတူရည်တူ တွေ့ဆုံဆွေးနွေးအဖြေရှာရေး ပေါ်ပေါက်လာရေးအတွက်ငင်း၊ အဓိကအားဖြင့် လှုပ်ရှားဆောင်ရွက်နိုင်သူမှာ...

လူမျိုးပေါင်းစုံပြည်သူလူထုကြီး ကိုယ်တိုင်သာဖြစ်ကြောင်းနှင့် **လူထုကြီးကိုယ်တိုင်၏ လူထုလှုပ်ရှားမှု၊ လူထုတိုက်ပွဲများဖြင့်သာ အရာရာကိုကျော်လွှားသွားရမည်ဖြစ်ကြောင်း** အခိုင်အမာဆုံးဖြတ်ခဲ့ပါသည်။

FDB အနေဖြင့် အထက်ပါရည်မှန်းချက်ကို အပြည့်အ၀အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် အခြားမဟာမိတ် အင်အားစုအသီးသီးနှင့်အတူ အရှိန်မြှင့် လက်တွဲဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ညီလာခံ၏ ခိုင်မာသောသဘောထားကို ထုတ်ပြန် ကြေညာအပ်ပါသည်။

ပထမအကြိမ်ညီလာခံ
မြန်မာနိုင်ငံ ဒီမိုကရက်တစ် အင်အားစု

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ( ၆ )ရက်။

| | | |
|---|---|---|
| ဆက်သွယ်ရန် | ဒေါက်တာနိုင်အောင် | ဖုန်း ၀၁ ၈၈၃၇ ၂၃၀ |
| | ကိုငွေလင်း | ဖုန်း ၀၁ ၄၇၅၉ ၂၂၇ |
| | ကိုကျော်ထက် | ဖုန်း ၀၉ ၅၈၉၆၈၅၅ |

# မတရားတဲ့အမိန့်အာဏာတွေကို 'ဒီချုပ်'က ဖီဆန်နေပြီ

၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်

**တူမောင်ညို**

(နအဖ)စစ်အစိုးရက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နည်းမျိုးစုံနှင့် ပြိုကွဲသွားအောင် ဖျက်ဆီးနေသည်။ သူတို့ အတင်းအကျပ်ပြဋ္ဌာန်းထားသည့် ဥပဒေဆိုသည်များကိုပင် ပြောင်ပြောင်တင်းတင်းချိုးဖောက်၍ **"နိုင်ငံရေးပါတီများရဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ပိုမိုတင်းတင်းကြပ်ကြပ် ဖိအားပေးထိန်းချုပ်"**ရန် လုပ်ဆောင်လာနေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ထိုသို့သောလုပ်ရပ်များကို ပြတ်သားစွာ ဆန့်ကျင်လာနေသည်။

ယင်းသို့ "နိုင်ငံရေးပါတီများရဲ့နိုင်ငံရေးလှုပ်ရှားမှုကို ပိုမိုတင်းတင်းကြပ်ကြပ် ဖိအားပေးထိန်းချုပ်ရန်" လုပ်ဆောင်လာနေမှုများနှင့်ပတ်သက်ပြီး အခြားသော တရားဝင်နိုင်ငံရေးပါတီများကို ပြည်တွင်းပြည်ပ မီဒီယာများအနေဖြင့် မေးမြန်းသင့်သည်။ ထိုသို့ တင်းကြပ်သည့် ဖိအားပေးထိန်းချုပ်မှုများ ခံရခြင်းရှိ/မရှိနှင့် ထိုသို့လုပ်ဆောင်နေမှုများအပေါ် ထားရှိသည့်သဘောထားကို မေးမြန်းဖေါ်ထုတ်ပေးမည်ဆိုလျှင် ကောင်းလေစွ။

မတရားသည့် အမိန့်အာဏာမှန်သမျှ တာဝန်အရ ဖီဆန်ကြရမည်။

မတရားတဲ့ အမိန့်အာဏာတွေကို 'ဒီချုပ်'က ဖီဆန်နေပြီလို့ ပြောချင်ပါတယ်။

သာဓက တချို့ကို ကောက်နုတ်တင်ပြလိုက်ပါသည်။

– ပါတီစုံဆိုပြီး နိုင်ငံရေးပါတီတစ်ခုအား ချေမှုန်းနေခြင်း၊ ဒီမိုကရေစီဟုဆိုပြီး နိုင်ငံရေးပါတီတစ်ခုတွင် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ၊ စည်းဝေးခွင့်၊ စုဝေးခွင့်၊ စည်းရုံးခွင့်၊ ဟောပြောခွင့်၊ လိုအပ်သည့်စာရွက်စာတမ်းများ၊ ပုံနှိပ်၊ ထုတ်ဝေ၊ ဖြန့်ချိခွင့် အစရှိသည်တို့ကို ပိတ်ပင်ထားခြင်းတို့သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နေခြင်းမဟုတ်ကြောင်း သိသာထင်ရှားနေသည်။

– တစ်ဘက်တွင် ဥပဒေကအပ်နှင်းထားသည့် ဒီမိုကရေစီအခွင့်အရေးများကို လုံးဝကျင့်သုံးခွင့်မရအောင် အာဏာပိုင်တို့က နည်းမျိုးစုံဖြင့် ပိတ်ပင်ထားပြီး၊ အခြားတစ်ဖက်တွင်မူ တရားဝင်ရပ်တည်နေသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းကို ပြိုကွဲပျက်စီးအောင် သက်ဆိုင်ရာအာဏာပိုင်တို့က ဖန်တီးနေပါသည်။

– တဖန် နိုင်ငံရေးပါတီတစ်ခု၏ အမှတ်အသားများဖြစ်သော၊ အလံ၊ ဆိုင်းဘုတ်နှင့် ရုံးအဆောက်အဦးတို့သည် သက်ဆိုင်ရာပါတီအဖွဲ့အစည်း၏ သင်္ကေတများ ဖြစ်ကြပါသည်။ ဤသင်္ကေတများကို အာဏာပိုင်တို့က ဖျက်ဆီးချိုးဖောက်ပါလျှင် တရားဝင်ရပ်တည်နေသည့် နိုင်ငံရေးအဖွဲ့အစည်းများ၏ တရားဝင်လုပ်ရပ်များကို ဖျက်ဆီးသည့် အဓိပ္ပါယ်သက်ရောက်ပါသည်။

– ဤကဲ့သို့ နိုင်ငံရေးပါတီအဖွဲ့အစည်းများအား ကန့်သတ်ပိတ်ပင်တားမြစ်နိုင်ခွင့်နှင့် ပြိုကွဲပျက်စီးစေရန် ဆောင်ရွက်ခွင့်တို့ကို "နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ"တွင်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် ဥပဒေတွင်လည်းကောင်း အာဏာပိုင်တို့အား တာဝန်နှင့် လုပ်ပိုင်ခွင့် အာဏာအပ်နှင်းထားခြင်း မရှိပါ၊ ဥပဒေက အပ်နှင်းထားခြင်းမရှိသော လုပ်ကိုင်ဆောင်ရွက်ချက်မှန်သမျှတို့သည် တရားမဝင်ပါ၊ အာဏာကို အလွဲသုံးစားပြုခြင်း ဖြစ်ပါသည်။

– သို့ပါ၍ သက်ဆိုင်ရာအာဏာပိုင်တို့၏ ဖိအားပေးအကြပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်းတို့ဖြင့်၊ အတင်းအကြပ် လက်မှတ်ရေးထိုးစေပြီး သက်ဆိုင်ရာပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်ကြောင်း ကြေညာခြင်း၊ အဖွဲ့ချုပ်အဖွဲ့ဝင်အချို့၏ နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့် အခမ်းအနားများ ကျင်းပခြင်းနှင့် သက်ဆိုင်ရာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများကို ပိတ်သိမ်းပြီးဖြစ်ကြောင်း ကြေညာခြင်းတို့သည် အထက်ဖေါ်ပြပါ ဥပဒေများအရ တရားဝင်မှုလုံးဝမရှိကြောင်း ကြေညာလိုက်သည်။ **(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ၂၀၀၆ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ထုတ်ပြန်သော "ကြေညာချက် ၉/၀၆/၀၆"မှ ကောက်နုတ်ထားသည်)**

– မန္တလေးတိုင်း ၊ မတ္တရာမြို့နယ်၊

ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ဗဟန်းမြို့နယ်၊ ဒေါပုံမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ သကေတမြို့နယ် — များတွင် သက်ဆိုင်ရာအာဏာပိုင်များက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာဝန်ရှိတဲ့သူတွေကိုခေါ်ပြီး သတိပေးတာ၊ အသိပေးတာတွေ ရှိခဲ့ပါသည်။ အသိပေးသည့်ပုံစံသာ အမျိုးမျိုးကွဲပြားသော်လည်း အောက်ပါအချက်များကို အဓိကထားပြောဆိုခဲ့ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဆွေးနွေးပွဲ၊ အစည်းအဝေးပွဲများ ကျင်းပမည်ဆိုလျှင်

၁။ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၂။ အစည်းအဝေးမှတ်တမ်းပေးရမည်။

၃။ တက်ရောက်သူများ၏ ဓါတ်ပုံမှတ်တမ်းပေးရမည်။

တချို့နေရာများတွင် "အစည်းအဝေးထဲ ဝင်တက်မယ်"ဆိုတဲ့ အနေအထားမျိုးအထိ ပြောလာတာရှိသည်။

ယင်းဖြစ်ရပ်များအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တုန့်ပြန်ချက်မှာ –

– ဒီလိုဆောင်ရွက်တာတွေဟာ နိုင်ငံရေးပါတီများရဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ပိုမိုတင်းတင်းကြပ်ကြပ် ဖိအားပေးထိန်းချုပ် လိုတဲ့အတွက် ဖြစ်တယ်။

– နိုင်ငံရေးပါတီတစ်ရပ်ဆိုတာ အာဏာပိုင်အဖွဲ့အစည်းတွေရဲ့ လက်အောက်ခံအဖွဲ့အစည်း မဟုတ်ပါဘူး။ သတ်မှတ်ထားတဲ့ ဥပဒေနဲ့အညီ ဖွဲ့စည်းထားတဲ့ တရားဝင်နိုင်ငံရေးပါတီဖြစ်တယ်။ အစည်းအဝေးမှတ်တမ်းပေးဖို့၊ ဓါတ်ပုံမှတ်တမ်းတွေ ရိုက်ပြီးပေးဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ **(ဒီချုပ်ပြောခွင့်ရ၊ ဦးမြင့်သိန်း၏ ပြောကြားချက်– ဒီဗွီဘီ –၂၀၀၆၊ ဇွန်လ ၁၄ ရက်နေ့)**

"ဒီချုပ်"ရဲ့ အာဏာဖီဆန်မှုကနေ တပြည်လုံးအာဏာဖီဆန်ရေး လှုပ်ရှားမှုကြီးဖြစ်ပေါ်လာအောင် စည်းရုံးကြရမည်။ ■

# ဒေါက်တာဆလိုင်းထွန်းသန်းနှင့် FDB တွေ့ဆုံ



ပျဉ်းမနားရေဆင်းတက္ကသိုလ်ပါမောက္ခဟောင်း ဒေါက်တာဆလိုင်းထွန်းသန်းသည် ဇွန်လ ၁၉ ရက်၊ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့မှာ ရန်ကုန်မြို့ဆီပြန်ပြီး ဆန္ဒပြဖို့စီစဉ်ထားပါတယ်။ ဒီအစီအစဉ်အတွက် ဆရာကြီးဟာ အမေရိကန်နိုင်ငံမှ စတင်ထွက်ခွာလာပြီး ဂျပန်စည်းရုံးရေးခရီးစဉ်၊ ကိုရီးယားစည်းရုံးရေးခရီးစဉ်များ ပြီးနောက် ထိုင်းနိုင်ငံသို့ ရောက်ရှိလာခဲ့ပါတယ်၊ ဇွန်လ ၁၁ ရက်နေ့ တွင် FDB မှ ခေါင်းဆောင်များမှ ဆရာကြီးကို ဂုဏ်ပြုကြိုဆိုပြီး အပြန်အလှန်ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြပါတယ်။ ဒီဆွေးနွေးပွဲ တွင် ဆရာကြီးက – "ကိုယ့်တိုင်းပြည်ရဲ့ ဆင်းရဲဒုက္ခ တိုင်းတပါးကလာပြီး ကူမယ်လို့မထင်ပါနဲ့ ဘယ်တော့မှမကူပါဘူး အဲဒါကို ဟိုလူ ကယ်လိမ့်မယ် ဒီလူကယ်လိမ့်မယ်လို့ မထင်ပါနဲ့ အဲဒါဟာ အပိုပါဘဲ အဘကတော့ ဘာတွေ စိတ်ကူးသလည်းဆိုတော့ တစ်အချက် လူထုလှုပ်ရှားမှုဖြစ်တယ်။ လူထုလှုပ်ရှားမှုဆိုတော့ လူထုတွေကို အကုန်လုံးကို အကြောင်းကြားရမယ်။ တစ်အချက် ယေဘူယျသာမန်တခုအနေနဲ့ လူထုကို အကြောင်းကြားရမှာပေါ့။ နှစ်အချက် ဘာပဲပြောပြော ဒီမှာက ကျောင်းသားတွေ ထွက်လာကြတယ်။ ကျောင်းသားနဲ့ လူထုပူးပေါင်းပြီး လုပ်ကြရမယ်။ အရေးကြီးတယ်။ ဒုတိယ အလုပ်သမားနဲ့ တောင်သူလယ်သမား အရေးကြီးတယ်။ တတိယ တိုင်းရင်းသားတွေ အရေးကြီးတယ်။ စတုတ္ထ လက်နက်ကိုင်တပ်ဖွဲ့တွေ အရေးကြီးတယ်။ နောက်ပြီးတော့ ပြီးလို့ရှိရင် တကမ္ဘာလုံးမှာရှိတဲ့ တိုင်းရင်းသား၊ ဗမာတိုင်းရင်းသားတွေ အရေးကြီးတယ်။ နောက်ပြီးတော့ ကျန်တဲ့ဥစ္စာတွေကတော့ ယူအဲန်တို့၊ မီဒီယာတို့ —

သို့သော် အဘက ဘာလုပ်ချင်သလည်းဆိုရင် သူ့ရဲ့ အတွေးအခေါ်ရှိတဲ့ အာဏာရှင်အတွေးအခေါ်တော့ လုံးဝမကြိုက်ဘူး။ အဲဒါတော့ ချေမှုန်းပစ်ရမယ်။ လူကိုတော့ ဘယ်လိုမှ မမြင်ဘူး။ သူသွေးအိုင်ထဲလဲနေလည်း အဘဝမ်းသာစရာမရှိဘူး။ အဘဝမ်းသာနိုင်တဲ့ တခုက ဘာလည်းဆိုလို့ရှိရင် သူသည် ကျနော် လုံးဝလုပ်တာမှားပါတယ်။ ဒီမိုကရေစီကို ကျနော်တို့ လက်ခံပါ့မယ်။ ပြည်သူလူထုကို ပြန် ပေးနိုင်ပါတယ်ဆိုလို့ရှိရင် အဲဒါဝမ်းသာဆုံးနေ့ပဲ၊ ဒီလိုလူလည်းပဲ ပြန်ပြီးတော့ အသုံးချလို့ရမယ်ဆိုလို့ရှိရင်တော့ —

တို့ရှေ့ (grand strategy)ပေါ့ မဟာဗျူဟာတခုပေါ့။ ဘယ်လိုလုပ်ကြမလဲ။ အဲဒါတော့ သေချာစဉ်းစားထားဖို့လိုတယ်။ သို့သော်လည်းပဲ ကြာကြာလည်း မစဉ်းစားနဲ့ပေါ့။ နှစ်ပေါက်အောင်ချိုပြီးတော့ မစဉ်းစားနဲ့ပေါ့။ ဘာဖြစ်လို့လည်းဆိုတော့ ကြာကြာထားလေ တို့နာလေပဲ။ ကြာကြာထားလေ တို့နာလေပဲ။

အထူးသဖြင့် အဘက နည်းနည်းလေး တွန်းအားပေးချင်တာက အစိုးရအလုပ်သမားတွေ၊ တကယ်တော့ ဒီအစိုးရ ဘာကြောင့် လည်နေသလည်းဆိုရင် အုပ်ချုပ်ရေးယန္တယားလည်နေတာဟာ ငါတို့ဟာ ငါတို့ သိဖို့ကောင်းတယ်။ များသောအားဖြင့် လူထုက လုပ်ပေးတယ်လို့ မရှိဘူး။ အစိုးရဝန်ထမ်းတွေက လုပ်ပေးတာ။ ဒီကနေ့ အစိုးရဝန်ထမ်းလည်း အစိုးရနဲ့ မဆက်ဆံဘူးဆိုလို့ရှိရင် အဘထင်ပါတယ်၊ တစ်လ နှစ်လအပြင် ပိုမခံဘူး။ သွားမှာပဲ။ အဲဒီလိုသွားဖို့ရန် သတ္တိကလိုနေတယ်။ လိုတာက ဘယ်လို လိုလည်းလို့ဆိုလို့ရှိရင် တို့ဗမာက ရှေ့က Lead လုပ်မယ့်သူ တယောက်ရှိလို့ရှိရင် တို့နောက်ကလိုက်တဲ့ နောက်လိုက်ကောင်းတွေ ရှိကြပါတယ်။ သို့သော် ရှေ့ကသွားမယ့် လူက လိုနေတယ်"

စတဲ့ ဆွေးနွေးမှုများအပြင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်နေသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ တိုင်းရင်းသားလူမျိုးစုများအရေးတို့အပေါ် သူ့ရဲ့ အမြင်များကို ရိုးသားပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။ FDB အနေဖြင့် ဆရာကြီး၏ခရီးစဉ် ရည်မှန်းချက်များ အထမြောက်အောင်မြင်ရေးအတွက် အစွမ်းကုန်တက်ကြွစွာ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်၍ ပြောကြားခဲ့ပါသည်။ ■

■ ■ ■ ■

ယခင်အပတ်သတင်းလွှာများကို အောက်ပါအင်တာနက်စာမျက်နှာများတွင် ရယူဖတ်ရှုနိုင်ပါသည်

www.abfsu.net

www.absdf.net

www.dpns.org

www.yoma3.org

Forum for Democracy in Burma

PO Box 83, Mae Sod

Tak 63110

Thailand

Email: democraticforum@csloxinfo.com

# ဒေါ်အောင်ဆန်းစုကြည် (၆၁) နှစ်ပြည့် မွေးနေ့လှုပ်ရှားမှုများ



ဒေါ်အောင်ဆန်းစုကြည်၏ (၆၁) နှစ်ပြည့်မွေးနေ့ကို နှစ် (၆၀) ပြည့်ကကဲ့သို့ အခမ်းအနားပုံသဏ္ဍာန်နှင့်မကျင်းပကြပဲ လူထုလှုပ်ရှားမှု (Mass Campaign) ပုံသဏ္ဍာန်ဖြင့် ထိုင်း မြန်မာနယ်စပ်တွင် ကျင်းပခဲ့ကြပါသည်။ ဒေါ်အောင်ဆန်းစုကြည် (၆၁) နှစ်ပြည့်မွေးနေ့လှုပ်ရှားမှုကော်မတီကို NCGUB, NCUB, NLD (LA), MPU, SYCB, WLB, FDB, MNLCA, PYNG စသည့်နိုင်ငံရေးအဖွဲ့အစည်းများနှင့် အလုပ်သမားအရေးဆောင်ရွက်နေသော အဖွဲ့အစည်း (၆)ဖွဲ့တို့ ပူးပေါင်းပါဝင်ဖွဲ့စည်းခဲ့ကြသည်ဟု သိရှိရပါသည်။ ကော်မတီ၏တာဝန်ခံအဖြစ် ဦးခွန်မားကိုဘန်း (ဖက်ဒရယ်ရေးရာဝန်ကြီး)မှလည်းကောင်း၊ ဒုတိယတာဝန်ခံအဖြစ် ကိုမျိုးဝင်း (NCUB အတွင်းရေးမှူးအဖွဲ့)မှလည်းကောင်း၊ Coordinator အဖြစ် ကိုဌေးလင်း (FDB ဒုတိယအတွင်းရေးမှူးချုပ်)မှလည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ကြပါသည်။

မွေးနေ့လှုပ်ရှားမှုကော်မတီသည် ရွှေ့ပြောင်းအလုပ်သမားထုကြားတွင် အထိမ်းအမှတ်စကားဝိုင်း (၁၀) ဝိုင်းပြုလုပ်နိုင်ခဲ့ပြီး လူ (၅၀၀) စုပေါင်းသွေးလှူပွဲကို မဲဆောက်ဆေးရုံကြီးတွင်လည်းကောင်း ဆရာမ ဒေါက်တာစင်သီယာမောင်၏ မယ်တော်ဆေးခန်းတွင်လည်းကောင်း ပြုလုပ်နိုင်ခဲ့ကြသည်။

မဲဆောက်မြို့နယ်အတွင်းရှိ အဆင်းရဲဆုံး မူလတန်းကျောင်း (၆) ကျောင်းတွင် အဟာရများသွားရောက်ကျွေးမွေးပြီး ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုဖွဲ့သီထားသည့် 'ဆရာမ နှင်းဆီရဲရဲ'၏ 'အောင်ဆန်း ကြယ်နီ' ကဗျာရွက်ဆိုပွဲများပြုလုပ်နိုင်ခဲ့သည်။

စကားဝိုင်းများတွင် ဖယောင်းတိုင်အဝါများထွန်းညှိပြီး ဆုတောင်းပွဲများပြုလုပ်ခဲ့ကြသည်၊ အထူးသဖြင့် (၁၉၊ ၆၊ ၂၀၀၆)နေ့ ညတွင် ကျောင်းကြီးကျောင်း ပရဝုဏ်အတွင်း၌ ဆီမီးတစ်ထောင်ထွန်းညှိပြီး မွေးနေ့ဆုတောင်းပွဲကို တခမ်းတနားကျင်းပခဲ့ကြသည်။

WLB အလုပ်အဖွဲ့မှ အမျိုးသမီးများမှလည်း ကော်မတီ၏လှုပ်ရှားရာနယ်ပယ်တိုင်းတွင် တက်ရောက်လာသူများအား အဝါရောင်ဖဲကြိုးများ တပ်ဆင်ပေးခြင်း၊ အဝါရောင်လက်ကိုင်ပုဝါများ ဖြန့်ဝေပေးခြင်း၊ အဝါရောင်ဖယောင်းတိုင်များ ဝေငှပေးပြီး ဆုတောင်းပွဲများကို ဦးဆောင်ပြုလုပ်ပေးခြင်း စသည့်လုပ်ငန်းများကို တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ကြသည်၊ မွေးနေ့လှုပ်ရှားမှုကော်မတီမှ ပူးတွဲကြေညာချက်တစ်စောင်ထုတ်ပြန်သည့်အပြင် အထိမ်းအမှတ်ပြု လက်ကမ်းစာစောင်တစ်စောင်ကိုလည်း ထုတ်ဝေဖြန့်ချိခဲ့ကြောင်း သိရှိရပါသည်။

မွေးနေ့လှုပ်ရှားမှုကော်မတီသည် ရွှေ့ပြောင်းအလုပ်သမားများကြားတွင်လည်းကောင်း နိုင်ငံရေးအဖွဲ့အစည်းများကြားတွင်လည်းကောင်း၊ ဒုက္ခသည်စခန်းရှိ လူမျိုးပေါင်းစုံထံမှလည်းကောင်း 'ဒေါ်အောင်ဆန်းစုကြည် အမြန်ဆုံးလွတ်မြောက်စေချင်ကြောင်း' ဆန္ဒသဘောထားဖော်ပြသည့် လက်မှတ်များ လိုက်လံကောက်ခံကြရာ လက်မှတ်ပေါင်း (၁၁၆၈၀) ကောက်ယူရရှိခဲ့ပါသည်။ ထိုလက်မှတ်များကို ယခု အီတလီတွင်ကျင်းပနေသည့် MPU များ၏ ကွန်ဖရင့်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ တိုက်ရိုက်ပေးပို့ကြရန် လှုပ်ရှားမှုကော်မတီက စီစဉ်ထားကြောင်း သိရှိရပါသည်။ ထိုလက်မှတ်မိတ္တူများကို ဥရောပယူနီယံ၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ အာဆီယံနိုင်ငံများ၊ အာဆီယံလွှတ်တော်အမတ်များအဖွဲ့ (AIPMC) နှင့် မြန်မာသံရုံးမှ တဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဆက်လက်ပို့ပေးကြမည်ဟု စီစဉ်ထားကြကြောင်း သိရှိရပါသည်။

# ဆဲလ်ဗင်းဂျူလိုင် အခမ်းအနားသို့ တက်ရောက်




၇၊ ၇၊ ၂၀၀၆ ရက်နေ့က ထိုင်း မြန်မာနယ်စပ်တနေရာတွင် ဆဲလ်ဗင်းဂျူလိုင် အခမ်းအနားတစ်ခုကို မြန်မာနိုင်ငံရေးအကျဉ်းသားများသမဂ္ဂ (BPPU) မှ ကမကထပြုပြီး ကျင်းပခဲ့ကြပါသည်။ ထိုအခမ်းအနားသို့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးကော်မတီ) မှ သဝဏ်လွှာတစ်စောင်ပေးပို့ခဲ့ပြီး ထိုသဝဏ်လွှာကို အခမ်းအနားမှာ ဗကသ (နိုင်ငံခြားရေးကော်မတီ) အဖွဲ့ဝင် ကိုစိုးလွင်မှ ဖတ်ကြားပေးခဲ့ပါသည်။

ထိုအခမ်းအနားတွင် ၁၉၆၂ ကျောင်းသားလှုပ်ရှားမှုများနှင့်ပတ်သက်၍ ရန်ကုန်တက္ကသိုလ်ကျောင်းသား ဦးဗသိန်းဝင်းနှင့် ဖဒိုမန်းရှာတို့မှလည်းကောင်း၊ ၁၉၇၄ ဦးသန့်လှုပ်ရှားမှုနှင့်ပတ်သက်၍ နိုင်ငံရေးအကျဉ်းသားဟောင်း မဌေးဌေးဝင်းမှလည်းကောင်း၊ ၁၉၇၅ – ၇၆ ကျောင်းသားလှုပ်ရှားမှုများနှင့်ပတ်သက်၍ FDB ဒုတိယအတွင်းရေးမှူးချုပ် ကိုဌေးလင်းမှလည်းကောင်း၊ ၁၉၈၈ ကျောင်းသားလှုပ်ရှားမှုများနှင့်ပတ်သက်၍ နိုင်ငံရေး အကျဉ်းသားဟောင်း ကိုရင်ထွေးမှလည်းကောင်း၊ ၁၉၉၆ ကျောင်းသားလှုပ်ရှားမှုနှင့်ပတ်သက်၍ ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂအဖွဲ့ဝင် ကိုအောင်မိုးမှလည်းကောင်း အသီးသီးတာဝန်ယူဟောပြောကြပါသည်။ တဆက်တည်းတွင် ကျောင်းသားလှုပ်ရှားမှု ကျောင်းသားတိုက်ပွဲများသည် လူထုလှုပ်ရှားမှု လူထုတိုက်ပွဲများနှင့် တဆက်တစပ်တည်းရှိကြောင်းနှင့် "ကျောင်းသားရှိလျှင် ကျောင်းသားသမဂ္ဂရှိရမည်" "စစ်အာဏာရှင်စနစ် မုချကျဆုံးရမည်" စသည့်ကြွေးကြော်သံများကို ကျောင်းသားထုက တောက်လျှောက်ကိုင်စွဲထားကြကြောင်းကို ဗကသ(နိုင်ငံခြားရေးကော်မတီ) တာဝန်ခံ ကိုမင်းနိုင်မှ ဟောပြောဆွေးနွေးခဲ့ပါသည်။

ထိုအခမ်းအနားကို အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ (၁၀၀) နီးပါးခန့်တက်ရောက်ကြသည်ဟု သိရှိရပါသည်။

■ ■ ■ ■

# တလတွင်း သတင်းမှတ်စု

## မြန်မာ

☐ ရန်ကုန်မြို့ပြင်ရှိ လှော်ကားကွန်ပြူတာတက္ကသိုလ် ကြိုပို့ကားခများကို (၃၀၀၀)ကျပ်မှ (၉၀၀၀)ကျပ်အထိ တိုးမြှင့်လိုက်သည့်အတွက် ကျောင်းသားများအနေဖြင့် အခက်တွေ့ မကျေနပ်မှုများ ဖြစ်နေကြကြောင်း သိရသည်။ ( DVB110606)

☐ မကွေးတိုင်း ရေစကြိုမြို့နယ်အတွင်းမှ လယ်သမားများကို မိုးစပါးမစိုက်မနေ စိုက်ပေးရန် နယ်မြေခံအာဏာပိုင်များက ဝန်ခံလက်မှတ်များ ရေးထိုးခိုင်းပြီး လက်မှတ်ရေးထိုးခြင်းမရှိပါက လယ်ယာများသိမ်းဆည်း၍ အရေးယူမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။ (DVB 140606)

☐ မြန်မာနိုင်ငံတွင်း ဇွန်လ(၁၆)ရက်နေ့က ဖြန့်ဝေသည့် အလုပ်သမားအရေးတောင်းဆိုမှု ကြေညာချက်ထွက်ပေါ်ပြီးနောက်ပိုင်း ရန်ကုန်နှင့် ပဲခူးစက်မှုဇုံများတွင် အလုပ်လုပ်နေသည့် အလုပ်သမားများကို အာဏာပိုင်များက ဖမ်းဆီးစစ်ဆေးမှုများပြုလုပ်နေသည်ဟု ပဲခူးစက်မှုဇုန်မှ အလုပ်သမားတဦးက RFA ကို ပြောသည်။ (RFA 140606)

☐ မိသားစုဓါတ်ပုံများနှင့် ကိုယ်ရေးရာဇဝင်များကို စီဒီပြားများတွင် သွင်းပေးရမည်ဟု ရန်ကုန်မြို့ရှိ အာဏာပိုင်တချို့က အမိန့်ထုတ်ခဲ့ကြောင်းနှင့် ကုန်ကျစရိတ်ကိုလည်း မိသားစုများက ပေးဆောင်ရမည်ဟု စုံစမ်းသိရှိရသည်။ (RFA, VOB 140606)

☐ ရန်ကုန်မြို့ရှိ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံအများစုတည်ရှိရာ လှိုင်သာယာနှင့် ရွှေပြည်သာ စက်မှုဇုန်တို့တွင် လွန်ခဲ့သည့် လကုန်ပိုင်းမှစတင်ကာ လုပ်ခလစာကိစ္စနှင့်ပတ်သက်ပြီး သပိတ်မှောက်ခြင်း၊ သက်ဆိုင်ရာသို့ တိုင်ကြားခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွါးလျှက်ရှိကြောင်း လှိုင်သာယာစက်မှုဇုန်မှ အလုပ်သမားတချို့က ပြောသည်။ (Irrawaddy 150606)

☐ ယမန်နေ့တွင် ဒဂုံတက္ကသိုလ်ရှိ ကျောင်းသားအချို့သည် တက္ကသိုလ်မော်ကွန်းထိန်းကို ဝင်ရောက်တွေ့ဆုံပြီး ကျောင်းကားခများလွန်းသည့်အတွက် လျှော့ပေးရန်ပြောဆိုခဲ့ရာတွင် မော်ကွန်းထိန်း၏ မောက်မောက်မာမာပြန်လည်ပြောဆိုမှုကြောင့် ကျောင်းသားများမကျေမနပ်ဖြစ်ခဲ့ပြီး ဒဂုံတက္ကသိုလ်တွင် ရုတ်ရုတ်သဲသဲဖြစ်သွားကြောင်း သိရသည်။ (VOA 160606)

☐ ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားသည့်အတွက် မြန်မာ့အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းရန် အိန္ဒိယအစိုးရအား တောင်းဆိုသည့်စာကို အိန္ဒိယလွှတ်တော်အမတ် ၂၅ ဦးက လက်မှတ်ရေးထိုးပေးပို့လိုက်ကြောင်း သိရသည်။ (MIZZIMA, 160606)

☐ ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးရန်နှင့် လွတ်လပ်ပြီးသမာသမတ်ကျသည့် ရွေးကောက်ပွဲကျင်းပရန် စစ်အစိုးရကို ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် (၁၂)ဦးက တောင်းဆိုလိုက်ကြောင်း သိရသည်။ (DVB 170606)

☐ ယနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုတွင် ကျင်းပသည့် ဒေါ်အောင်ဆန်းစုကြည်၏ (၆၁)နှစ်ပြည့် အထိမ်းအမှတ်ပွဲတွင် သံဃာတော်များအား ဆွမ်းကပ်ခြင်း၊ မွေးနေ့ဆုတောင်းခြင်းနှင့် နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းနိုင်ရန် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး အမြန်ဆုံးလွှတ်ပေးရန် လေးနက်စွာဆန္ဒပြုပါသည်ဆိုသည့် တက်ရောက်သူများ လက်မှတ်ရေးထိုးကြသည့် အစီစဉ်များ ပြုလုပ်ခဲ့ကြောင်း သိရသည်။ (NEJ/DVB/RFA/VOA 190606)

☐ ယနေ့နံနက် (၁၀)နာရီ (၄၅)မိနစ်ခန့်တွင် ညောင်တုန်းမြို့နယ် NLD ပါတီဝင် ဦးထွန်းထွန်း(၄၅)နှစ်သည် ဒေါ်အောင်ဆန်းစုကြည် ရုပ်ပုံပါအင်္ကျီကို ဝတ်ဆင်ကာ ရန်ကုန်မြို့တော်ခန်းမရှေ့တွင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ကြွေးကြော်၍ တကိုယ်တော်ဆန္ဒပြခဲ့သည်ဟု သိရသည်။ (Irrawaddy 190606)

☐ ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ယမန်နေ့ကကျင်းပသည့် ဒေါ်အောင်ဆန်းစုကြည်၏ (၆၁)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်တက်ရောက်လာသူ လူတိုင်းနီးပါး၏ရင်ဘတ်တွင် ဇီးကွက်ရုပ်ကလေးများ တပ်ဆင်လာကြသည်ဟု သိရသည်။ (NEJ 200606)

☐ မွန်ပြည်နယ်တွင်းရှိ အချို့နေရာများတွင် ဗမာဘာသာ၊ စကားမှလွဲပြီး ကျန်သည့်တိုင်းရင်းသား ဘာသာစကားများကို လုံးဝသင်ကြားပေးခြင်းမပြုရဟု နအဖစစ်အာဏာပိုင်များက ညွှန်ကြားချက်ထုတ်ထားကြောင်း သိရသည်။ (IMNA/VOB 220606)

☐ ရန်ကုန်မြို့တွင် ဇွန်လဆန်းပိုင်းမှစ၍ ရပ်ကွက်များရှိ လက်လီဆိုင်များ၌ ဆန်ချောပေါ်ဆန်းမွှေး တပြည်လျှင် ကျပ်(၁၀၀၀) ဖြစ်လာသည့်အတွက် ထိပ်ပိုင်းဆန်ကုန်သည်ကြီးများကို နအဖက လွန်ခဲ့သည့်အပတ်၌ခေါ်ယူပြီး ဆန်စျေးမကျလျှင် ဖမ်းဆီးအရေးယူမည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း ဘုရင့်နောင်ပွဲရုံတန်းမှ ဆန်ကုန်သည်ကြီးတဦးက ပြောသည်။ (Irrawaddy 270606)

☐ မြန်မာအစိုးရအနေဖြင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ အမြန်ဆုံးပြုလုပ်ပြီး ပြုပြင်ပြောင်းလဲရေးများ မလုပ်ဘူးဆိုလျှင် ပြည်သူတရပ်လုံးအုံကြွလာမည်ကို စိုးရိမ်ရသည့်အခြေအနေရှိသည်ဟု မွန်ပြည်သစ်ပါတီပြောခွင့်ရသူ နိုင်အောင်မင်းက ပြောဆိုလိုက်သည်။ (DVB 300606)

☐ မြန်မာအရေးကို လုံခြုံရေးကောင်စီမှကိုင်တွယ်ရန် တိုင်းရင်းသားများမဟာမိတ်အဖွဲ့ UNA သည် ကိုဖီအာနန်ထံစာဖြင့် တောင်းဆိုခဲ့ကြောင်း သိရသည်။ (RFA 030706)

☐ ယခုလဆန်း(၁)ရက်နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းညီလာခံတွင် ပြည်ပမီဒီယာများကို တန်ပြန်ထိုးနှက်နိုင်ရေးအတွက် စာနယ်ဇင်းအဖွဲ့၌ ပုဂ္ဂလိကသတင်းစာဆရာများ အလွှာထည့်သွင်းပေးရန် ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ မဟာဂျာနယ်နှင့် ကောင်းသတင်းဂျာနယ်ထုတ်ဝေသူ ဦးမြတ်ခိုင်က စာတမ်းတင်ပြခဲ့ကြောင်း သိရသည်။ (NEJ 050706)

☐ 7 ဇူလိုင် အရေးအခင်းအထိမ်းအမှတ်နေ့တွင် ရန်ကုန်အရှေ့ပိုင်း တာဝ၊ ဒဂုံစီးပွားရေးတက္ကသိုလ်များတွင် ကျောင်းသားလှုပ်ရှားမှု အချို့ဖြစ်ခဲ့ကြောင်း

သိရသည်။ ( RFA 070706)

□ ပဲခူးတိုင်း အရှေ့ခြမ်း တောင်ငူခရိုင် အင်းမြို့နယ်မှ ခရစ်ယာန်အသင်းအုပ်ဆရာတဦးအပါအဝင် ကရင်ရွာသား(၆)ဦးကို နအဖစစ်တပ်က ဖမ်းဆီးပြီး ခန္တီးထောင်ပို့လိုက်သည့်အတွက် ဒေသခံခရစ်ယာန် ကရင်လူမျိုးများ စိုးရိမ်ထိတ်လန့်နေကြကြောင်း သိရသည်။ (DVB 100706)

□ စက်ရုံများဆောက်လုပ်ရန် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်မှ လယ်ဧက(၂၀၀၀)ကျော်ကို လျော်ကြေးငွေတပြားမှမပေးဘဲ စစ်တပ်က သိမ်းယူလိုက်သည့်အတွက် ILO အဖွဲ့ထံတိုင်ကြားရန် လယ်သမား (၂၀၀)ခန့်က ပြင်ဆင်နေကြောင်း သိရသည်။ (DVB 120706)

□ ယခုလ (၁၆)ရက်နေ့တွင် ကျရောက်မည့် (၅၉)ကြိမ်မြောက်အာဇာနည်နေ့တွင် လူထုဆူပူအုံကြွမှုများဖြစ်အောင် နိုင်ငံရေးပါတီကြီးတခုနှင့် ၈၈ အရေးအခင်းအတွေ့အကြုံရှိသူများက လှုံ့ဆော်နေသည်ဟု နအဖသတင်းစာများက ရေးသားလိုက်ကြောင်းသိရသည်။ (DVB 130706)

□ မည်သူမဆို အခမဲ့အသုံးပြုခွင့်ရှိသော အီးမေးလ် Messenger အင်တာနက်ဝက်ဘ်ဆိုက်များဖြစ်သည့် Gmail / sailormoon /Mail2world အစရှိသည်များကို မြန်မာနိုင်ငံအတွင်း အသုံးပြု၍မရအောင် စစ်အစိုးရက တားဆီးပိတ်ပင်ထားကြောင်း ရန်ကုန်ရှိ အင်တာနက်အသုံးပြုသူအသိုင်းအဝိုင်းမှ ကြားသိရသည်။ (Irrawaddy 280606)

## အာဆီယံ – မြန်မာ

□ ၂၀၀၈ခုနှစ်တွင်ကျင်းပမည့် အာဆီယံညီလာခံကို အလှည့်ကျမြန်မာတွင် မကျင်းပဘဲ အလှည့်ကျော်ပေးမည်ဟု နအဖမှဆို၍ အာဆီယံ အဖွဲ့ဝင်များ အသက်ရှူချောင်ခဲ့ကြောင်း သိရသည်။ (Nation /VOB 120606)

□ မြန်မာစစ်အစိုးရသည် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် နှောင့်နှေးနေသည့်အတွက် အာဆီယံအနေဖြင့် မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းရန် အာဆီယံလွှတ်တော်အမတ်အချို့က တောင်းဆိုလိုက်သည်။ (VOA 200606)

□ ထိုင်း–မြန်မာနယ်စပ် သံလွင်မြစ်ပေါ်တွင် စီစဉ်နေသည့်ရေကာတာကြီးဆောက်ဖြစ်ပါက ကရင်ပြည်နယ်မှ ဒုက္ခသည်တသိန်းခန့် တိုးလာမည်ဖြစ်ကြောင်းနှင့် ရေကာတာမဆောက်ရန် EGAT အား တွန်းအားပေးနေကြောင်း ထိုင်းလွှတ်တော်အမတ် Tuenjai Deetes မှ ဆိုသည်။ (Star/VOB 270606)

□ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံအပေါ် အရေးယူဆောင်ရွက်ပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Kofi Annan ထံ ကနေဒါနိုင်ငံ လွှတ်တော်အမတ်(၅၀)က လက်မှတ်ရေးထိုး တောင်းဆိုထားသည့်စာတစ်စောင် ပေးပို့ခဲ့ကြောင်း သိရသည်။ (VOA 280606)

□ မြန်မာနိုင်ငံ သံလွင်မြစ်အတွင်း အဓိကရေကာတာဖြစ်သည့် အမေရိကန်ဒေါ်လာ ၁.၂ ဘီလီယံတန်ဖိုးရှိ ဟတ်ကြီးရေကာတာကို တရုတ်အစိုးရပိုင် ဆီနိုဟိုင်ဒရိုကုမ္ပဏီနှင့် ထိုင်းစွမ်းအင်ဝန်ကြီးဌာန(EGAT)တို့က စီမံခန့်ခွဲတည်ဆောက်မည်ဟု တရုတ်အစိုးရက ယမန်နေ့တွင် ထုတ်ပြန်ကြေညာကြောင်း နေးရှင်းသတင်းတွင် ဖေါ်ပြထားသည်။ (NEJ 280606)

□ ယမန်နေ့နံနက်ပိုင်း၌ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်နယ်စပ်ဒေသရှိ ထိုင်းတပ်ဖွဲ့များထံ ရိက္ခာပို့ပြီးပြန်လာသည့် ထိုင်းစစ်ဘက် ထောက်ပံ့ရေး ရဟတ်ယာဉ်တစီးကို မြန်မာဘက်မှ ပစ်ခတ်မှုနှင့်စပ်လျဉ်း၍ နအဖကို ထိုင်းစစ်တပ်က ကန့်ကွက်မည်ဟု ယနေ့ထုတ် ဘန်ကောက်ပို့စ်သတင်းစာတွင် ဖေါ်ပြထားသည်။ (NEJ/DVB 110706)

□ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန်နှင့် ဒီမိုကရေစီခြေလှမ်းသစ်များစတင်ရန် နအဖဘက်က ဆက်လက်တုန့်ဆိုင်းနေမည်ဆို လျှင် အာဆီယံအဖွဲ့၏ ထောက်ခံအားပေးမှုကို ဆုံးရှုံးရလိမ်မည်ဟု မလေးရှားအစိုးရက ယနေ့သတိပေးပြောဆိုလိုက်သည်။

□ MPU မြန်မာလွှတ်တော်အမတ်များသမဂ္ဂ၏ ဒုတိယအကြိမ်စုံညီအစည်းအဝေးနှင့်အတူ Burma Forum ခေါ် မြန်မာ့အရေး ဆွေးနွေးပွဲတရပ်ကို အီတလီနိုင်ငံ တူရင်းမြို့ရှိ ILO Training Center တွင် ယမန်နေ့ကစတင်ပြီး (၅)ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (DVB 120706)

□ ယနေ့ကျရောက်သည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၁)နှစ်မြောက်မွေးနေ့ပွဲကိုရည်စူး၍ ယမန်နေ့နံနက်တွင် မယ်တော်ဆေးခန်းနှင့် မဲဆောက်ဆေးရုံကြီးတို့၌ မြန်မာအလုပ်သမား(၅၀၀)ခန့်သည် စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ (NEJ 190606)

□ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ရန်နှင့် မြန်မာပြဿနာ လုံခြုံရေးကောင်စီမှ ပြတ်ပြတ်သားသားကိုင်တွယ်ရန် ကိုရီးယားအမတ် (၆၈)ဦးမှ စုပေါင်းလက်မှတ်ရေးထိုး တောင်းဆိုလိုက်ကြောင်း သိရသည်။ (SEOUL / VOB 190606)

□ ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းလွှတ်ပေးရန်နှင့် လွတ်လပ်ပြီးသမာသမတ်ကျသည့် ရွေးကောက်ပွဲကျင်းပရန် စစ်အစိုးရကို ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် (၁၂)ဦးက တောင်းဆိုလိုက်ကြောင်း သိရသည်။ (DVB 170606)

□ ပြီးခဲ့သည့် ဒေါ်အောင်ဆန်းစုကြည် အသက်(၆၁)နှစ်ပြည့်မွေးနေ့မှစ၍ ဝါရှင်တန်ဒီစီ သမ္မတအိမ်ဖြူတော်ရှေ့တွင် အမေရိကန်ရောက် မျိုးချစ်မြန်မာ အင်အားစုများ ပူးပေါင်းကျင်းပခဲ့သည့် မြန်မာ့အရေးအတွက် (၇)ရက်ကြာ အစာငတ်ခံဆန္ဒပြမှု ပိတ်ပွဲအခမ်းအနားကို ယနေ့ အောင်မြင်စွာပြုလုပ်ခဲ့ကြောင်း သိရသည်။ (DVB 250606)

□ ယမန်နေ့က ကျရောက်သည့် ဒေါ်အောင်ဆန်းစုကြည်၏ (၆၁)နှစ်မြောက်မွေးနေ့တွင် ဘန်ကောက်မြို့ရှိ မြန်မာသံရုံးရှေ့၌ ဆန္ဒပြခဲ့သည့် (၁၅)နှစ်မှ (၁၈)နှစ်ရှိ ကလေးသူငယ် (၃)ဦးကို ထိုင်းရဲများက ဖမ်းဆီးပြီး Yannawa ရဲစခန်းတွင် ချုပ်နှောင်ထားကြောင်း သိရသည်။ (NEJ 200606)

**(NDD) သုတေသနဌာနနှင့် မှတ်တမ်းတင်ဌာန၏ တလအတွင်းမြန်မာ့သတင်း –၂၀၀၆၊ ဇူလိုင်လမှ ထုတ်နုတ်ဖော်ပြသည်။ ■**

■ ■ ■ ■